# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ ကြာသပတေးနေ့ အတွဲ(၆၆)၊ အမှတ်(၀၂၉)




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

**ယနေ့ ဖတ် စ ရာ**


**နယ်မြေဒေသလုံခြုံရေး အခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် မှတ်ပုံတင်ထားသည့်ရုံးများသို့ လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကိုသာ နယ်မြေဒေသအခြေအနေ အပေါ်မူတည်၍ အထူးကိစ္စတစ်ရပ်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်**

လွှတ်တော်ရေးရာ စာ ၈

**အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ ပိုစတာပြိုင်ပွဲ (အခြေခံပညာအဆင့်) ကျင်းပမည်**

ပြည်တွင်းသတင်း စာ ၁၂


## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၆) ကြိမ်မြောက်အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၁၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၆ ခုကို ခွင့်ပြု

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်နှစ်ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ရှစ်ခုကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အိမ်ရာအဆောက်အအုံ

စာမျက်နှာ ၄ ကော်လံ ၁ ❖



## ဆိုင်ကလုန်းမုန်တိုင်း“အာနာဘ်”ကုန်းတွင်း မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားမည်

နေပြည်တော် အောက်တိုဘာ ၂၈

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြား၊ ရနမ်မြို့တောင်ဘက်အနီးမှ ဖြတ်ကျော်ခဲ့သော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Very Severe Cyclonic Storm) “အာနာဘ်” (ARNAB) သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်အတွင်း၌ ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) “အာနာဘ်” အဖြစ်သို့ အားလျော့သွားခဲ့ပါသည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်း “အာနာဘ်” သည် အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်ကာ နောက် ၂၄ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## မြစ်ကြီးနားမြို့၌ သီတင်းကျွတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



မြစ်ကြီးနား အောက်တိုဘာ ၂၈

ဒေသတွင်း MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် တီထွင်ဆန်းသစ်မှုရှိသည့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များအား အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များကို ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူအားပေးနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မနောကွင်းအတွင်း သီတင်းကျွတ် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

# နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် နိုင်ငံ၏ ရေခံမြေခံကောင်းများ၊ အရင်းအမြစ်များကို မှန်မှန်ကန်ကန် ပေါင်းစပ်အသုံးချ၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည်

❒ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် အစိုးရတစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမြဲမပြတ် ရှက်ဆောင်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးကြသည့် နိုင်ငံများအနက် ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး နိုင်ငံကို ဦးဆောင်လျက်ရှိနေသည့် အစိုးရအဖွဲ့များရှိသကဲ့သို့ ရွေးကောက်ပွဲပြန်လည်ကျင်းပပေးနိုင်ရေး ပြင်ဆင်နေကြသည့် အစိုးရအဖွဲ့များလည်းရှိကြကြောင်း၊ နိုင်ငံတကာနှင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းတွင်ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာများကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်ပေးနိုင်သည့် အစိုးရအဖွဲ့များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ ထောက်ခံအားပေးမှုကိုရရှိကြပြီး သမိုင်းကြောင်းတွင်လည်း မှတ်ကျောက်တင်ခံနိုင်ကြသည့် နာမည်ကောင်းများဖြင့် မှတ်တမ်းကျန်ရှိခဲ့ကြကြောင်း၊ ထို့အတူ ရွေးကောက်ပွဲများတွင် ဆွဲဆောင်စည်းရုံးမှုကောင်းစွာဖြင့် အနိုင်ရရှိခဲ့ကြပြီး အမှန်တကယ် နိုင်ငံ့တာဝန်များကို ဦးဆောင်ရသည့်အချိန်တွင် မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာခဲ့သည့်၊ အားရဖွယ်လုပ်ဆောင်ချက်များ မရှိဘဲ ပြည်သူတို့၏ လူမှုစီးပွားဘဝများကို ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးနိုင်မှုများ မရှိခဲ့သည့် အစိုးရအဖွဲ့များလည်းရှိကြကြောင်း၊ နိုင်ငံ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါကလည်း ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး တက်လာခဲ့သည့် ပါတီစုံဒီမိုကရေစီဒုတိယအစိုးရအဖွဲ့အနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ မျှော်မှန်းထားသည့် အတိုင်းအတာတစ်ခုအထိ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မှုမရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ထိုသို့ဖြစ်ပေါ်ခဲ့မှုကြောင့် ပြည်သူများအနေဖြင့် အာဏာရအစိုးရနှင့် ရွေးကောက်ပွဲအပေါ် အာရုံစိုက်မှုနှင့် အလေးအနက်ထားမှုများ လျော့ပါးလာခဲ့ကြပြီး No Vote လှုပ်ရှားမှုများအထိပင် ဖြစ်ပေါ်လာခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်ခြင်းသည် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှုကို ထိခိုက်စေခြင်းပင်ဖြစ်ကြောင်း၊ ထို့နောက် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိရေးအတွက် မသမာသောနည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့မှုများကြောင့် ကြီးမားသည့် မဲစာရင်းကွာဟမှုများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏ ရွေးကောက်ပွဲသမိုင်းတွင် အမည်းစက်တစ်ခုအဖြစ် ထင်ကျန်စေခဲ့ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတကာနှင့် မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူ၍ တိုင်းပြည်သာယာဝပြောရေးနှင့်ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ချက်ထား၍ အမြဲမပြတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့သမိုင်းတွင် မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် နိုင်ငံ၏ ရေခံမြေခံကောင်းများ၊ အရင်းအမြစ်များကို မှန်မှန်ကန်ကန် ပေါင်းစပ်အသုံးချ၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်**

မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသည့် စီးပွားရေးလုပ်ငန်းများကို ရှေးအစဉ်အဆက်ကတည်းက ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိရိုးဖလာနည်းလမ်းများကို အသုံးပြုဆောင်ရွက်ခြင်းမှ ဖောက်ထွက်ကာ စဉ်ဆက်မပြတ် ပြောင်းလဲနေသည့် ခေတ်မီနည်းပညာများကိုအသုံးပြု၍ သုတေသနပြု လေ့လာသုံးသပ်ပြင်ဆင် ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ကြရာတွင်လည်း အမှန်တကယ် အလုပ်လုပ်ကြရန်နှင့် စွမ်းအားပြည့် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်** လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ အမှန်တကယ် အလုပ်လုပ်ကြမည်ဆိုပါက ထုတ်ကုန်ပစ္စည်းများ ရရှိလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်ကာ ပြည်ပပို့ကုန်များကို တိုးမြှင့်ရရှိလာမည်ဖြစ်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် လုပ်ငန်းများ၊ သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသည့်လုပ်ငန်းများအပြင် ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်း (CMP) ဆောင်ရွက်ကြသည်များလည်းရှိပြီး ယင်းလုပ်ငန်းသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများရှိမှသာလျှင် ဆောင်ရွက်၍ရသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ CMP လုပ်ငန်းများ၌ လုပ်ကိုင်ဆောင်ရွက်နေကြသူများ အများအပြားရှိကြသဖြင့် လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့မှုရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် လိုအပ်သည်များ စိစစ်ဖြည့်ဆည်းအားပေးဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ယခင်ကကြုံတွေ့ခဲ့ရသော စီးပွားရေးနှင့်ပတ်သက်သည့် အခက်အခဲနှင့် သင်ခန်းစာများကို ဆန်းစစ်ဖော်ထုတ်ပြီး သုံးသပ်အဖြေရှာဆောင်ရွက်သွားကြရန်လို**ကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေး၊ ပြည်ပပို့ကုန်များတိုးမြှင့်ရရှိရေးနှင့် မိမိတို့နိုင်ငံ၏ထုတ်ကုန်များ ဈေးကွက်ရရှိရေးတို့အတွက် အစိုးရ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး လက်တွဲညီညီဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ၊ စက်သုံးဆီနှင့် စားသုံးဆီများ နှစ်စဉ်အများအပြား တင်သွင်းနေရမှုများ၊ ငွေကြေးတန်ဖိုး မတည်ငြိမ်မှုများကိုလည်း အဖြေရှာ၍ ဖြေရှင်းပေးကြရမည်ဖြစ်ကြောင်း။

> ❂ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိရိုးဖလာနည်းလမ်းများကို အသုံးပြုဆောင်ရွက်ခြင်းမှ ဖောက်ထွက်ကာ စဉ်ဆက်မပြတ် ပြောင်းလဲနေသည့် ခေတ်မီနည်းပညာများကိုအသုံးပြု၍ သုတေသနပြု လေ့လာသုံးသပ် ပြင်ဆင် ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်၊ လုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်း အမှန်တကယ် အလုပ်လုပ်ကြရန်နှင့် စွမ်းအားပြည့် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လို**
>
> ❂ **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ယခင်ကကြုံတွေ့ခဲ့ရသော စီးပွားရေးနှင့်ပတ်သက်သည့် အခက်အခဲနှင့် သင်ခန်းစာများကို ဆန်းစစ်ဖော်ထုတ်ပြီး သုံးသပ်အဖြေရှာဆောင်ရွက်သွားကြရန်လို**

**ပညာတတ် လူသားအရင်းအမြစ်များဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်**

**ပညာတတ် လူသားအရင်းအမြစ်များဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံ၏အနာဂတ်ကို စဉ်းစားဆောင်ရွက်ရာတွင် ရေရှည်အကျိုးစီးပွားအတွက်ကိုကြည့်၍ စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်သည့် ပညာတတ် လူသားအရင်းအမြစ်များ များစွာပေါ်ထွက်လာစေရေးအတွက်လည်း မိမိတို့အနေဖြင့် စီးပွားရေးပညာရပ်ကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသား ၈၂ ဒသမ ၁ ရာခိုင်နှုန်းသည် အခြေခံအရေးအဖတ်အတွက်ရရှိပြီးသူများဖြစ်ပြီး တွက်ချက်နိုင်မှုနှင့်ပတ်သက်၍ ကောင်းမွန်ပြီးသားသူများဖြစ်သည်ကိုတွေ့ရကြောင်း၊ စီးပွားရေးကောင်းမွန်စေရေးအတွက် တွက်ချက်ဆောင်ရွက်၍ရသည်များရှိကြောင်း၊ **နိုင်ငံ့ပညာရေးအားကောင်းမှုမှတစ်ဆင့် အရည်အသွေးမြင့် လုပ်သားအင်အားလူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ထုတ်လုပ်မှုစွမ်းရည်မြင့်မားလာမည်ဖြစ်သည့်အတွက် ပို့ကုန်ကဏ္ဍနှင့် နိုင်ငံ၏ ဂျီဒီပီကိုလည်း တိုးတက်လာစေမည်ဖြစ်**ကြောင်း၊ ပညာရေးအဆင့်မြင့်မားခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းကို တိုက်ရိုက်အကျိုးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုအထိပါ သက်ရောက်မှုအား ကြီးမားသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင်ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အသက်၂၅ နှစ်အထက် အလယ်တန်းပညာပြီးဆုံးသူ ၈ သန်းခန့်ရှိပြီး ၎င်းတို့အနက်အလုပ်လုပ်နိုင်သူများအတွက် အလုပ်အကိုင်ရရှိနိုင်ရေး၊ လူမှန်နေရာမှန် အကျိုးရှိရှိအသုံးချနိုင်ရေးတို့အတွက် အစိုးရဝန်ကြီးဌာနများက အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားရန်လိုကြောင်း။

ထို့ပြင် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်သွားနိုင်ရန်လိုပြီး နိုင်ငံတော်အတွက် လိုအပ်သည့် ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုအားများလည်း ရရှိလာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် လူလတ်ပိုင်းအရွယ်များ၏အားကို နိုင်ငံ့ကုန်ထုတ်လုပ်ငန်းများတွင် မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိအသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထိုက်သင့်သည့်တိုးတက်မှုများရရှိရန် လိုအပ်နေဆဲဖြစ်သည်ကို တွေ့ရှိရကြောင်း၊ **မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကို စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသည့် ထွက်ကုန်များ၊ စွန့်ပစ်ပစ္စည်းများဖြင့် ဆောင်ရွက်နိုင်သော်လည်း မွေးမြူရေးလုပ်ငန်းများ တိုးတက်မှုအားနည်းနေဆဲဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်** လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် နိုင်ငံတော်မှလည်း လိုအပ်သည့် ရင်းနှီးမတည်ချေးငွေများကို ထုတ်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ရရှိမှသာလျှင် ပြည်တွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းဖူလုံမှုရရှိအောင် ဆောင်ရွက်ပြီးပါက ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည့် ဈေးကွက်လိုအပ်ချက်ကြီးမားသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ အများအပြားရှိပြီးဖြစ်ကြောင်း၊ ဈေးကွက်ရရှိရေးနှင့် ဈေးကွက်လိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်တင်ပို့နိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ နယ်စပ်ကုန်သွယ်မှုများတွင် အချို့သော နယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုများမရှိစေရေး မိမိတို့အနေဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုများသည် ရာနှုန်းပြည့်အားကိုး၍ မရကြောင်း၊ တရားမဝင်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများမရရှိသည့်အပြင် နိုင်ငံသားများအနေဖြင့်လည်း အရည်အသွေးပြည့်မီမှု မရှိသည့်၊ အာမခံချက်မရှိသည့်ပစ္စည်းများကို သုံးစွဲကြရနိုင်ကြောင်း၊ ထို့အပြင် တရားမဝင်လမ်းကြောင်းများရှိ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများကို ငွေကြေးပေး၍ သွားလာသယ်ဆောင်နေကြသည် ဖြစ်သည့်အတွက် သူခိုးဓားရိုးကမ်းသကဲ့သို့ ဖြစ်နေပြီး ရရှိသည့်ငွေကြေးများဖြင့် ၎င်းတို့၏ အင်အားများကို တိုးချဲ့တည်ဆောက်နေနိုင်ကြခြင်းသည် ငြိမ်းချမ်းရေးဖော်ဆောင်မှုကိုလည်း အဟန့်အတားဖြစ်စေနိုင်ကြောင်း။

သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေး သက်ဆိုင်ရာ နယ်မြေဒေသများအလိုက် စနစ်တကျဖြင့် ဖော်ထုတ်တားဆီးထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုပြီး မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာဖြင့် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ခိုင်ခိုင်မာမာ ကာကွယ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပုံမှန်ကုန်သွယ်မှုများမှတစ်ဆင့် မိမိတို့နိုင်ငံမှ ထုတ်ကုန်များကို တင်ပို့ရောင်းချနိုင်သည့် ဈေးကွက်သစ်များ ရှာဖွေဆောင်ရွက်သွားကြရန်လိုသကဲ့သို့ နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍လည်း တရားဝင်လမ်းကြောင်းများမှသာလျှင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်ရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် စိစစ်ဖော်ထုတ်သွားရန် တာဝန်ရှိသည့် အဖွဲ့အစည်းများအနေဖြင့်လည်း ပြည်သူများ လုံခြုံစိတ်ချစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး မိမိတို့ကဏ္ဍအလိုက် ကျေပွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ဖြည့်စွက်မှာကြားလိုသည်မှာ **နိုင်ငံ့အနာဂတ်ကို ပုံဖော်တည်ဆောက်ကြမည့် လူငယ်လူရွယ်များ၏ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များကိုလည်း မြှင့်တင်ဆောင်ရွက် ပေးသွားကြရန်လိုကြောင်း၊** ထိုသို့ဆောင်ရွက်နိုင်ရေး ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ယဉ်ကျေးမှုပြတိုက်များသို့ ပို့ဆောင်ပြသခြင်းများ ဆောင်ရွက်ပေးသွားရန်လိုပြီး တတ်နိုင်ပါက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ရှိ ပြတိုက်များသို့ ပို့ဆောင်ပြသခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယဉ်ကျေးမှုပြတိုက်၊ အမျိုးသားပြတိုက်၊ စစ်သမိုင်းပြတိုက်များသို့ လူငယ်လူရွယ်များ

## ● ပညာတတ် လူသားအရင်းအမြစ်များဖြင့်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံ၏ အနာဂတ်ကို စဉ်းစားဆောင်ရွက်

## ● နိုင်ငံ့ပညာရေးအားကောင်းမှုမှတစ်ဆင့် အရည်အသွေးမြင့် လုပ်သားအင်အား လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ထုတ်လုပ်မှုစွမ်းရည်မြင့်မားလာမည်ဖြစ်

လာရောက်လည်ပတ်လေ့လာကြခြင်းဖြင့် မိမိတို့နိုင်ငံနှင့် လူမျိုးတို့၏ သမိုင်းကြောင်းအစဉ်အလာ၊ အမျိုးသားရေးလက္ခဏာ (National Identity)၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ဘာသာသာသနာ၊ ယဉ်ကျေးမှုတို့၏ ကြီးမြတ်သည့် ရိုးရာတန်ဖိုးများကို ပိုမိုနားလည်သဘောပေါက်သိရှိလာမည်ဖြစ်ပြီး နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စဉ်ဆက်မပြတ် ဆက်လက်လက်ဆင့်ကမ်း ထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဖြစ်နိုင်သည်မှန်သမျှကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်ပြီး မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

### ပညာရေးကို အထူးအလေးထား၍ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ လူသားအရင်းအမြစ်နှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် အဆင့်မြင့်ပညာတတ်မြောက်သူဦးရေ ရာခိုင်နှုန်းနှင့် မူလတန်းပညာအဆင့်၌သာရှိသူ၊ လုံးဝပညာမသင်ဖူးသူဦးရေ ရာခိုင်နှုန်းမှာ ကွာခြားချက်များ ကြီးမားလျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ထိုသို့သော ကွာခြားချက်ကြီးမားမှုကိုလျှော့ချနိုင်ရေး မိမိတို့အနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် KG+9 အထိ မသင်မနေရ ပညာရေးစနစ်ကို ချမှတ်ထားပြီး ပညာတတ်လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ **ပညာရေးသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့် ချိတ်ဆက်နေပြီး လူတစ်ဦးချင်းစီ၏ဘဝကိုသာမက မိသားစုတစ်စု၊ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုလုံး၏ အနာဂတ်ကိုပါ ပြုပြင်ပြောင်းလဲစေနိုင်သည့် စွမ်းအားများရှိနေ**ကြောင်း။

ပညာရေးကွာဟချက်များကြောင့် လူနေမှုအဆင့်အတန်းများသည်လည်း ကွာဟချက်များရှိလာပြီး မြို့ပြနှင့်ကျေးလက်များ၌ ကွာဟချက်များရှိနေဆဲဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ပြည်သူများ၏ အလုပ်အကိုင်ရရှိရေးနှင့် ပညာရေးတို့တွင် လူနည်းစု အလှမ်းမီခြင်းထက် လူများစု အလှမ်းမီစေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လူများစု လက်လှမ်းမီစေရေးအတွက် တစ်ဦးချင်းဝင်ငွေတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့ဖြစ်၍ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို ပုံဖော်တည်ဆောက်နိုင်ရေး၊ လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်ရေး ပညာရေးကို အလေးထားပြုပြင် တည်ဆောက်ပေးသွားကြရမည်ဖြစ်ကြောင်း။

### အားကစားကဏ္ဍမြှင့်တင်ရေး

ပညာရေးကဏ္ဍမြှင့်တင်မှုနှင့်အတူ အားကစားကဏ္ဍ မြှင့်တင်ရေးကိုလည်း မိမိတို့အနေဖြင့် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်၌ နိုင်ငံတကာနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် အောင်မြင်မှုများ နည်းပါးလျက်ရှိကြောင်း၊ နိုင်ငံ၏ အားကစားသမိုင်းကို လေ့လာကြည့်မည်ဆိုပါက ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် အောင်မြင်မှုများစွာရရှိခဲ့ပြီး အရှိန်အဝါကြီးမားခဲ့သည့် အားကစားအဆင့်အတန်းကို ပိုင်ဆိုင်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့အစိုးရအနေဖြင့် အားကစားနှင့်ပတ်သက်၍ အားကစားကွင်းများ၊ အထောက်အကူပြုပစ္စည်းများကို အဆင့်မြှင့်တင်ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြိုင်ပွဲများ၌ အောင်မြင်မှုရရှိခဲ့ကြသူများကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားသမားများအနေဖြင့်လည်း တစ်ဦးချင်း ကြံ့ခိုင်မှုကောင်းမွန်စေရေး၊ ခံနိုင်ရည်အားကောင်းမွန်စေရေး၊ အားကစားနည်းများအလိုက် ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေး အမြဲမပြတ် စနစ်တကျ လေ့ကျင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားကစားနည်းအလိုက် နည်းစနစ်နည်းပြနှင့် ကြံ့ခိုင်ရေးနည်းပြများ မဖြစ်မနေ ထားရှိသွားရန်လည်း မိမိအနေဖြင့် ပြောကြားထားပြီးဖြစ်ကြောင်း။

နိုင်ငံ၏ အားကစားကဏ္ဍမြှင့်တင်ရေးကို လေ့ကျင့်ရေးဖြင့် ပြန်လည်တည်ဆောက်သွားကြရန်လိုပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားကစားကွင်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင်လည်း ခေတ်နှင့်လျော်ညီသည့် အားကစားကွင်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အလိုက် အားကစားကွင်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ အားကစားကွင်းများ စနစ်တကျ ဖြစ်စေရေးအတွက်လည်း တာဝန်ရှိသူများက ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အားကစားယှဉ်ပြိုင်မှုများကို အားပေးသည့်ပြည်သူများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြင့် အားပေးကြရန်လိုကြောင်း။

မကြာမီကာလအတွင်း ဆောင်းရာသီသို့ရောက်ရှိလာတော့မည်ဖြစ်ပြီး အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၊ ဝန်ကြီးဌာနများအလိုက်၊ စာသင်ကျောင်းများအလိုက်၊ ကျေးလက်ဒေသအလိုက် ပကာသနမဖက်ဘဲ လူထုလှုပ်ရှားမှုဖြင့် စနစ်တကျ ကျင်းပပြုလုပ် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့မှ*

တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သတ္တုတူးဖော်ရေး ကဏ္ဍတို့မှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ခြောက်ခုကိုလည်းကောင်း ခွင့်ပြုပေးခဲ့သည်။



အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၈၂၉ သန်းနှင့် ငွေကျပ် ၅၆၄၃၉၁ ဒသမ ၃၉ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၁၃၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် SKD စနစ်ဖြင့် လျှပ်စစ်သုံးနှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ရွှေသတ္တုအကြီးစားတူးဖော်ထုတ်လုပ်မှု လုပ်ငန်း၊ ပြည်တွင်းအသားတိုးနွားများအား ခေတ်မီစနစ်ဖြင့် မွေးမြူခြင်း၊ ခေတ်မီမြန်မာအသားတိုးနွားမျိုးခြံ၊ နို့စားနွားမွေးမြူခြင်း၊ နို့ဆီ၊ နို့စိမ်းနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်း၊ နို့ပေါင်းစက်လုပ်ငန်း၊ မွေးမြူရေးအစာထုတ်လုပ်ခြင်း၊ မြေဩဇာနှင့် ဓာတ်မြေဩဇာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ၊ မှန်လုံအိမ် စိုက်ပျိုးခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်သိုလှောင်ရောင်းချခြင်းလုပ်ငန်း၊ ရုံးခန်းအဆောက်အအုံ တည်ဆောက်၍ ငှားရမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဆပ်ပြာအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း၊ မျိုးစေ့အမျိုးမျိုး စိုက်ပျိုးသန့်စင်ရောင်းချခြင်းနှင့် မျိုးစေ့သုတေသနပြုလုပ်ခြင်း လုပ်ငန်း၊ ပဲနို့ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဘက်ထရီအိုးဟောင်းအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများကို သန့်စင်ကျိုချက်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းတို့ ပါဝင်သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ဝ၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၀ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၅ ဒသမ ၃၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၈**

ယနေ့ မြန်မာစံတော်ချိန် ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

စာပေ
မြင့်မှ
လူမျိုး
တင့်မည်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော်ညှော်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးအောင်ကျော်ဟိုးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Iskander K. AZIZOV နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြင့်တင်ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုတို့ကို များစွာ အထောက်အကူပြုစေနိုင်မည့် သတ္တုရှာဖွေတူးဖော်ရေးဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ သတ္တုတူးဖော်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲ Mr. Vladislav V. SVIBLOV အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

> **❝ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြင့်တင်ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုတို့ကို များစွာအထောက်အကူပြုစေနိုင်မည့် သတ္တုရှာဖွေတူးဖော်ရေးဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး ❞**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ရုရှားနိုင်ငံအခြေစိုက် Areal Group of Companies ၏ အကြီးအကဲဖြစ်သူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

◆ ***ရှေ့ဖုံးမှ***

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ASEAN Inclusive Business Award ဆုရ ကချင်ပြည်နယ်မှ "အိလေး စားသောက်ကုန်လုပ်ငန်း"နှင့် ကမ္ဘာ့ MSME နေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်အဆင့် ထူးချွန် MSME ဆုရရှိခဲ့သော "TOP စားသောက်ကုန်လုပ်ငန်း"ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ပွဲတော်အား ဖွင့်လှစ်ပေးပြီး မဏ္ဍပ်ခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် ပြခန်းများ၊ ဒေသတွင်း MSME လုပ်ငန်းရှင်များ၏ အသင့်စားစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်အရောင်းဆိုင်များနှင့် ကျောက်စိမ်း၊ ပယင်းနှင့် ကျောက်မျက်အချောထည်အရောင်းဆိုင်များ၏ ရောင်းချနေမှု၊ မလိခ Music Band ၏ ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မသန်သော်လည်း စွမ်းခဲ့သည်

## မြန်မာ့ဂုဏ်ကို အာရှအားကစားစင်မြင့်ထက်တွင် မြှင့်တင်ခဲ့သူ မသန်စွမ်းရေကူးအားကစားသမား ညီညီလင်းထက်

ဦးအောင်သူ(အား/ကာ)

**လူ့ဘဝတွင် အောင်မြင်မှုဟူသည် မွေးရာပါအရည်အချင်းတစ်ခုတည်းဖြင့် ရရှိလာခြင်း မဟုတ်ပေ။ မိမိ၏ရည်မှန်းချက်ကို မယိမ်းမယိုင် ဆုပ်ကိုင်ထားနိုင်မှု၊ အခက်အခဲများကို ဇွဲလုံ့လဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မှုနှင့် မဆုတ်မနစ် ကြိုးစားအားထုတ်မှုတို့ ပေါင်းစည်းရာမှ အောင်မြင်မှုဟူသော အသီးအပွင့်ကို ရရှိလာခြင်း ဖြစ်ပါသည်။**

အထူးသဖြင့် မသန်စွမ်းမှုဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်နေရသူတစ်ဦးအတွက် အားကစားနယ်ပယ်၌ နိုင်ငံတကာအဆင့်အထိ ယှဉ်ပြိုင်အောင်မြင်နိုင်ခြင်းက သာမန်အောင်မြင်မှုတစ်ရပ်မျှသာ မဟုတ်ပေ။ ယင်းသည် မိမိကိုယ်ကို ယုံကြည်မှု၊ မလျှော့သော ဇွဲလုံ့လနှင့် စိတ်ဓာတ်ခွန်အားတို့၏ ထင်ရှားသည့် သက်သေတစ်ခုပင်ဖြစ်ပါသည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ ဂျပန်နိုင်ငံ နာဂိုယာမြို့၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု မသန်စွမ်းအားကစားအဖွဲ့မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ မသန်စွမ်းရေကူးအားကစားသမား ညီညီလင်းထက်သည် ထူးခြားပြောင်မြောက်သည့် အောင်မြင်မှုများကို ရယူနိုင်ခဲ့သည်။ ၎င်းသည် ရေကူးအားကစားနည်း S3/S4 အဆင့် မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲနှင့် မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတို့တွင် ကြေးတံဆိပ်ဆု သုံးခု၊ မီတာ ၁၅၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုတစ်ခု စုစုပေါင်း ဆုတံဆိပ်လေးခုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ထို့အပြင် ညီညီလင်းထက်သည် အရှေ့တောင်အာရှ မသန်စွမ်းရေကူးပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆု သုံးခုအထိ ဆွတ်ခူးရရှိခဲ့သူဖြစ်ပါသည်။ အရှေ့တောင်အာရှအဆင့်ပြိုင်ပွဲ စင်မြင့်မှသည် အာရှအဆင့်အားကစားပြိုင်ပွဲကြီးအထိ ဝင်ရောက်ယှဉ်ပြိုင်ကာ ထူးချွန်သည့်ရလဒ်များ ရယူနိုင်ခဲ့ခြင်းက ၎င်း၏ အားကစားစွမ်းရည်၊ လေ့ကျင့်ရေးအပေါ် အလေးထားမှုနှင့် အောင်မြင်မှုရရှိရန် မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုတို့ကို ဖော်ပြနေသည်။ အရှေ့တောင်အာရှ အဆင့်ပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခုနှင့် အာရှအဆင့်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခုတို့သည် ၎င်း၏ အားကစားခရီးလမ်းတွင် သမိုင်းမှတ်တိုင်များအဖြစ်သာမက မြန်မာ့မသန်စွမ်းအားကစားလောကအတွက်လည်း ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုများဖြစ်ပါသည်။

**နိုင်ငံတကာပြိုင်ပွဲတစ်ခုတွင် အောင်မြင်မှုရရှိရန်ဆိုသည်မှာ ပြိုင်ပွဲကျင်းပသည့်နေ့တွင် အကောင်းဆုံး ယှဉ်ပြိုင်နိုင်ရုံမျှဖြင့် မလုံလောက်ပေ။ ပြိုင်ပွဲမတိုင်မီကတည်းက အချိန်မှန်မှန် လေ့ကျင့်ခြင်း၊ နည်းစနစ်ပိုင်းဆိုင်ရာတိုးတက်အောင်ကြိုးစားခြင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုကို ထိန်းသိမ်းခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်မှုကို တည်ဆောက်ခြင်းနှင့် မိမိ၏ အားနည်းချက်များကို ပြုပြင်ဖြည့်ဆည်းခြင်းတို့ လိုအပ်လှပေသည်။ မသန်စွမ်းအားကစားသမားတစ်ဦးအတွက်မူ မိမိ၏ အခြေအနေနှင့်ကိုက်ညီသော လေ့ကျင့်ရေးနည်းလမ်းများကို ရှာဖွေကျင့်သုံးရင်း ပြိုင်ဘက်များနှင့် တန်းတူယှဉ်ပြိုင်နိုင်ရန် ပိုမိုကြိုးစားအားထုတ်ရလေ့ရှိပါသည်။**

**ညီညီလင်းထက်၏ အောင်မြင်မှု နောက်ကွယ်တွင်လည်း လေ့ကျင့်မှု၊ ဇွဲလုံ့လနှင့် မိမိကိုယ်ကို ယုံကြည်မှုတို့ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေမည်ဖြစ်ပြီး ရေကူးအားကစားသည် ခန္ဓာကိုယ်လှုပ်ရှားမှုနှင့် အသက်ရှူစည်းချက်ကို ထိန်းညှိရသည့်အပြင် အချိန်နှင့်အမျှ မိမိ၏စွမ်းရည်ကို မြှင့်တင်နိုင်ရန် စနစ်တကျ လေ့ကျင့်ရသော အားကစားနည်းတစ်မျိုးဖြစ်ပါသည်။ ထိုကဲ့သို့သော အားကစားနယ်ပယ်တွင် အာရှအဆင့် ဆုတံဆိပ်များ ရယူနိုင်ခြင်းက ညီညီလင်းထက်၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြု ဂုဏ်ပြုထိုက်သည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ဂုဏ်ပြုလိုပါသည်။**

> **“ညီညီလင်းထက်၏ အောင်မြင်မှု နောက်ကွယ်တွင်လည်း လေ့ကျင့်မှု၊ ဇွဲလုံ့လနှင့် မိမိကိုယ်ကိုယုံကြည်မှုတို့ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေမည်ဖြစ်ပြီး ရေကူးအားကစားသည် ခန္ဓာကိုယ်လှုပ်ရှားမှုနှင့် အသက်ရှူစည်းချက်ကို ထိန်းညှိရသည့်အပြင် အချိန်နှင့်အမျှ မိမိ၏စွမ်းရည်ကို မြှင့်တင်နိုင်ရန် စနစ်တကျ လေ့ကျင့်ရသော အားကစားနည်းတစ်မျိုးဖြစ်ပါသည်။ ထိုကဲ့သို့သော အားကစားနယ်ပယ်တွင် အာရှအဆင့် ဆုတံဆိပ်များ ရယူနိုင်ခြင်းက ညီညီလင်းထက်၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြု ဂုဏ်ပြုထိုက်သည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ဂုဏ်ပြုလိုပါသည်”**

မသန်စွမ်းမှုသည် အကန့်အသတ်တစ်ခု ဖြစ်နိုင်သော်လည်း အိပ်မက်များကို ပိတ်ပင်ထားသည့် တံတိုင်းတစ်ခု မဖြစ်သင့်ပေ။ ညီညီလင်းထက်၏ အောင်မြင်မှုက ထိုအချက်ကို ထင်ရှားစွာ ဖော်ပြနေသည်။ မိမိ၌ရှိသော အားသာချက်များကို ရှာဖွေဖော်ထုတ်ပြီး အားနည်းချက်များကို လေ့ကျင့်မှုဖြင့် ဖြည့်ဆည်းကာ အခက်အခဲများကို စိတ်ဓာတ်ခွန်အားဖြင့် ကျော်လွှားနိုင်ပါက မိမိရည်မှန်းထားသည့် ပန်းတိုင်သို့ တစ်ဆင့်ပြီးတစ်ဆင့် ချဉ်းကပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ၎င်း၏ အောင်မြင်မှုသည် မသန်စွမ်းအားကစားသမားများအတွက်သာမက ဘဝတွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်နေရသူတိုင်းအတွက် အားကျအတုယူဖွယ်ရာ သင်ခန်းစာတစ်ရပ်ဖြစ်လာနိုင်ပေသည်။

အားကစားသည် ခန္ဓာကိုယ်ကြံ့ခိုင်ရေးအတွက်သာ အရေးပါသည်မဟုတ်ပေ။ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းကမ်းလိုက်နာမှု၊ အချင်းချင်းလေးစားမှု၊ မိမိကိုယ်ကို ယုံကြည်မှုနှင့် မိမိ၏ စွမ်းရည်ကို အကောင်းဆုံးအသုံးချတတ်မှုတို့ကိုလည်း ပျိုးထောင်ပေးနိုင်သည်။ မသန်စွမ်းအားကစားသည် ယင်းတန်ဖိုးများကို ပိုမိုထင်ရှားစွာ ဖော်ပြနေသည့် အားကစားနယ်ပယ်တစ်ခုဖြစ်သည်။ အနိုင်ရရှိခြင်းနှင့် ဆုတံဆိပ်ရရှိခြင်းတို့အပြင် မိမိ၏အခက်အခဲကို ရင်ဆိုင်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း၊ မိမိ၏စွမ်းရည်ကို အမြင့်ဆုံးအဆင့်အထိ ဖော်ထုတ်ပြသနိုင်ခြင်းတို့သည်လည်း တန်ဖိုးကြီးမားသည့် အောင်မြင်မှုများပင်ဖြစ်သည်။

ညီညီလင်းထက်၏ အောင်မြင်မှုသည် မသန်စွမ်းအားကစားသမားများအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် သင့်လျော်သော ပံ့ပိုးကူညီမှုများ ပေးအပ်ခြင်းတို့၏ အရေးပါမှုကိုလည်း မီးမောင်းထိုးပြနေသည်။ အားကစားလေ့ကျင့်ခွင့်၊ အရည်အသွေးပြည့်ဝသည့် နည်းပြစနစ်များ၊ အားကစားအထောက်အကူပြုပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ ပံ့ပိုးမှုများနှင့် လူမှုအသိုင်းအဝိုင်း၏ နားလည်လက်ခံအားပေးမှုတို့သည် မသန်စွမ်းအားကစားသမားများ၏ အရည်အချင်းကို ပိုမိုတောက်ပလာစေမည့် အခြေခံအုတ်မြစ်များဖြစ်ကြသည်။ ထူးချွန်သည့် အားကစားသမားတစ်ဦး၏ အောင်မြင်မှုကို ဂုဏ်ပြုရုံသာမက နောင်လာမည့် မျိုးဆက်သစ် မသန်စွမ်းအားကစားသမားများလည်း မိမိတို့၏ အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရန် အားပေးပံ့ပိုးသည့် ပတ်ဝန်းကျင်တစ်ရပ်ကို တည်ဆောက်သင့်ပေသည်။

ထို့ပြင် ညီညီလင်းထက်၏ အောင်မြင်မှုသည် လူငယ်လူရွယ်များအား ပေးအပ်သည့် တန်ဖိုးရှိသော သတင်းစကားတစ်ရပ်လည်း ဖြစ်ပါသည်။ ဘဝတွင် အခက်အခဲများ ကြုံတွေ့လာသည့်အခါ လက်လျှော့အရှုံးပေးခြင်းထက် မိမိ၏ရည်မှန်းချက်ကို ပြန်လည်သုံးသပ်ကာ လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်ပြီး ဆက်လက်ကြိုးစားသင့်သည်။ အောင်မြင်မှုသည် တစ်ရက်တည်းဖြင့် ရောက်ရှိလာခြင်းမဟုတ်ဘဲ နေ့စဉ် ကြိုးစားအားထုတ်မှုများကို စုစည်းတည်ဆောက်ထားသည့် ရလဒ်ဖြစ်ပြီး မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း၊ စည်းကမ်းရှိခြင်း၊ အချိန်ကို တန်ဖိုးထားခြင်းနှင့် ရှုံးနိမ့်မှုများမှ သင်ယူနိုင်ခြင်းတို့သည် အောင်မြင်မှုဆီသို့ ပို့ဆောင်ပေးမည့် အရေးကြီးသော အရည်အသွေးများဖြစ်ပါသည်။

မြန်မာနိုင်ငံကိုယ်စားပြု မသန်စွမ်းရေကူးအားကစားသမား ညီညီလင်းထက်၏ အောင်မြင်မှုများအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ အရှေ့တောင်အာရှ မသန်စွမ်းရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု သုံးခု ရယူနိုင်ခဲ့ခြင်းနှင့် အာရှအဆင့်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု ဆွတ်ခူးနိုင်ခဲ့ခြင်းတို့က ၎င်း၏ အားကစားစွမ်းရည်နှင့် ကြိုးစားအားထုတ်မှုကို ထင်ရှားစေသည့် ရလဒ်များဖြစ်ပေသည်။ ထိုအောင်မြင်မှုများအတွက် အားကစားသမားကိုယ်တိုင်သာမက လေ့ကျင့်သင်ကြားပေးခဲ့သည့် နည်းပြများ၊ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အားပေးကူညီခဲ့ကြသူအားလုံးကိုလည်း အသိအမှတ်ပြု ဂုဏ်ပြုအပ်ပါသည်။

အဆုံးသတ်အားဖြင့် **ညီညီလင်းထက်၏ အောင်မြင်မှုကို ကြည့်ရှုရာတွင် ကျွန်ုပ်တို့အားလုံး သင်ယူရမည့် အချက်တစ်ချက်မှာ လူတစ်ဦး၏ တန်ဖိုးကို ၎င်း၏ အကန့်အသတ်များဖြင့် တိုင်းတာ၍ မရခြင်းပင်ဖြစ်သည်။ အမှန်တကယ် တန်ဖိုးရှိသည်မှာ မိမိ၌ရှိသော စွမ်းရည်ကို ယုံကြည်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ခြင်းနှင့် ပန်းတိုင်ရောက်သည်အထိ မဆုတ်မနစ် ကြိုးစားခြင်းတို့ဖြစ်ကြသည်။ ညီညီလင်းထက်က မသန်စွမ်းမှုကို အကြောင်းပြု၍ နောက်ဆုတ်မနေဘဲ မိမိ၏စွမ်းရည်ဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပြသနိုင်ခဲ့သူတစ်ဦးလည်းဖြစ်ပါသည်။**

**“မသန်သော်လည်း စွမ်းခဲ့သည် ။” “မလွယ်ကူသော်လည်း ကြိုးစားခဲ့သည်။” “အခက်အခဲများရှိသော်လည်း ပန်းတိုင်ကို မျက်ခြည်မပြတ်ခဲ့ပေ။”** ထိုကြိုးစားအားထုတ်မှု၏ အသီးအပွင့်အဖြစ် ရရှိခဲ့သည့် ဆုတံဆိပ်များသည် ညီညီလင်းထက်၏ အောင်မြင်မှုကိုသာမက မြန်မာ့မသန်စွမ်းအားကစားလောက၏ မျှော်လင့်ချက်နှင့် စိတ်ဓာတ်ခွန်အားကိုပါ ကိုယ်စားပြုလျက်ရှိသည်။

မြန်မာ့ဂုဏ်ကို အရှေ့တောင်အာရှနှင့် အာရှအားကစားစင်မြင့်များထက်တွင် မြှင့်တင်ပေးခဲ့သော မသန်စွမ်းရေကူးအားကစားသမား ညီညီလင်းထက်အား လှိုက်လှဲစွာ ဂုဏ်ပြုချီးကျူးအပ်ပါသည်။ ရှေ့ဆက်မည့် အားကစားခရီးလမ်းတွင်လည်း အောင်မြင်မှုများ ပိုမိုဆွတ်ခူးနိုင်ပြီး မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ဆက်လက်မြှင့်တင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ် များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၈** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် လေ့လာသူများအား ယနေ့ မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်(C)ဆောင်၊ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲများ ကျင်းပပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် ပေါ်ပေါက်လာမှုအခြေအနေများ၊ အဆိုပါမဏ္ဍိုင်များအနေဖြင့် တစ်ခုနှင့်တစ်ခု အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေသည့် အခြေအနေများ၊ လွှတ်တော်များ၏အဓိကတာဝန်ကြီး (၃)ရပ်ဖြစ်သည့် ဥပဒေပြုခြင်း၊ အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်းကိစ္စရပ်များ၊ တတိယအကြိမ်လွှတ်တော်သက်တမ်း စတင်သည့်အချိန်မှ ယနေ့အချိန်အထိ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေအသစ် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေများအား ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ ဒေသအခက်အခဲများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကိုယ်စားလှယ်များမှတစ်ဆင့် တင်ပြဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ဥပဒေပြုရေးမဏ္ဍိုင်သည် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်း



ဖြစ်ပြီး ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်က ဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ လက်တွေ့လေ့လာသိရှိခဲ့မှုများအား မိမိတို့ဒေသရှိ ပြည်သူများ သိရှိစေရန် ပြန်လည်မျှဝေပေးနိုင်ရေး အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးချမ်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၈** နယ်စပ်ရေးရာ ဝန်ကြီးဌာနက မိတ္ထီလာခရိုင် ကန်နီကျေးရွာ အုပ်စုညောင်ကုန်း(အရှေ့)ကျေးရွာ ၌ ဆောင်ရွက်လျက်ရှိသည့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်



ခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ဒေသခံတောင်သူများအား ရာသီသီးနှံမျိုးစေ့များ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒေသခံတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ထို့မှတစ်ဆင့် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကန်ဆွယ်ကျေးရွာအုပ်စု မြသုခကျေးရွာအနီး အနောက်ပြက္ခရွေ့ တောင်ပေါ်ရှိ စွယ်တော်မြတ်စေတီသို့ ဖောက်လုပ်ထားရှိသည့် တောင်တက်မြေသားလမ်း ၄ မိုင် ဖောက်လုပ်ပြီးစီးမှုလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကွန်ကရစ်လမ်း၊ Box Culvert၊ ကျောက်စီရေမြောင်း၊ ကွန်ကရစ်ရေကျော်၊ ကွန်ကရစ်မြေထိန်းနံရံ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံ၌ ကျင်းပသည့် နှစ်(၃၀)ပြည့် စွမ်းအင်နှင့်ဂေဟဗေဒစနစ်ဆိုင်ရာဖိုရမ်၏ စကားဝိုင်းဆွေးနွေးပွဲ ပါဝင်တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၈** ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ကျင်းပသည့် နှစ်(၃၀)ပြည့် စွမ်းအင်နှင့်ဂေဟဗေဒစနစ်ဆိုင်ရာဖိုရမ်၏ စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ပါဝင်တက်ရောက်သည်။



စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက Formula of Energy Independence: Economy, Integration, Development ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ရှုမြင်ချက်အရ စွမ်းအင်မှီခိုမှုကင်းခြင်းဆိုသည်မှာ လိုအပ်သမျှသော စွမ်းအင်ကို ပြည်တွင်း၌ တတ်နိုင်သလောက် ထုတ်လုပ်ခြင်း၊ မိတ်ဆွေနိုင်ငံများနှင့် စိတ်ချယုံကြည်ရသည့် စွမ်းအင်ကုန်သွယ်မှုပြုလုပ်ခြင်း၊ ပြင်ပမှ အနှောင့်အယှက်များကြောင့် စွမ်းအင်လုံခြုံမှုကို ထိခိုက်လွယ်ခြင်းမှ လျှော့ချနိုင်ရေးနှင့်အတူ ယုံကြည်စိတ်ချရပြီး သင့်တင့်သည့်ဈေးနှုန်းဖြင့် ရေရှည်တည်တံ့သော စွမ်းအင်ထောက်ပံ့ဖြည့်ဆည်းမှုကို အာမခံနိုင်ရေးတို့ ပါဝင်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းလျှပ်စစ်ဓာတ်အား ကွန်ရက်ချိတ်ဆက်မှု တိုးတက်ခိုင်မာရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ လုံခြုံစိတ်ချရမှု မြှင့်တင်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အထူးအရေးပါကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်နှင့် အခြားစွမ်းအင်အရင်းအမြစ် အလားအလာများစွာရှိပါကြောင်း၊ ယင်းအရင်းအမြစ်များကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှု၊ အဆင့်မြင့်နည်းပညာ၊ အခြေခံအဆောက်အအုံနှင့် နည်းပညာ ကျွမ်းကျင်မှုတို့ လိုအပ်ကြောင်း၊ မြန်မာ-ဘယ်လာရုစ်ပူးပေါင်းဆောင်ရွက်မှုသည် စွမ်းအင်လုံခြုံမှုအတွက် အထောက်အပံ့ကောင်းများဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား လျှပ်စစ်ဓာတ်အားအခြေခံအဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများနှင့် ပြုပြင်ထိန်းသိမ်းရေး၊ စွမ်းအင်အသုံးပြုမှုအကျိုးရှိ ထိရောက်ရေးနှင့် ကျွမ်းကျင်ပညာရှင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့တွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်မည့် အလားအလာများစွာရှိသည်ဟု ယုံကြည်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအပါအဝင် တက်ရောက်လာကြသည့်နိုင်ငံများ၏ အတွေ့အကြုံများကို ဖလှယ်ပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများကို အတူတကွ ရှာဖွေဖော်ထုတ်နိုင်ရန် မျှော်လင့်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါဖိုရမ်သို့ အရှေ့ဥရောပနိုင်ငံများ၊ ဥရောပအာရှဒေသနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများမှ စွမ်းအင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်လျက်ရှိပြီး ဖိုရမ်တက်ရောက်နေစဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် အီရန်နိုင်ငံ စွမ်းအင်ဝန်ကြီး၊ အီရတ်နိုင်ငံ စွမ်းအင်ဒုတိယဝန်ကြီး၊ တာတာစတန်ပြည်နယ် ဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးတို့နှင့် သီးခြားစီတွေ့ဆုံ၍ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၈ -** မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ကျင်းပ

## နယ်မြေဒေသလုံခြုံရေးအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် မှတ်ပုံတင်ထားသည့်ရုံးများသို့ လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကိုသာ နယ်မြေဒေသအခြေအနေအပေါ်မူတည်၍ အထူးကိစ္စတစ်ရပ်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းများအဆင့်မြှင့်တင်ပေးနိုင်ရေး၊ မြို့ရှောင်လမ်းဖောက်လုပ်ပေးနိုင်ရေး၊ မီးရထားပြေးဆွဲပေးနိုင်ရေး၊ သက်တမ်းလွန် မော်တော်ယာဉ်/ဆိုင်ကယ်များအား မှတ်ပုံတင်ခွင့်ပြုနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပေးမီးစက် ပံ့ပိုးပေးနိုင်ရေး၊ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာသစ်တည်ဆောက်ပေးနိုင်ရေး၊ လက်ထောက်ဆရာဝန်(အထူးကု) တာဝန်ချထားပေးနိုင်ရေး၊ ကျောက်စီကွန်ကရစ် ရေသွယ်မြောင်းနှင့် ကျောက်စီမြေထိန်းနံရံပြုလုပ်ပေးရန်တို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လေရှီးမဲဆန္ဒနယ်မှ ဦးဗိုးဆန်း၏ **လေရှီး–ပန်ဆပ်–ဆွမ္မရာလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ထမံသီ–လေရှီး–ပန်ဆပ်–ဆွမ္မရာလမ်းအား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လေရှီးမြို့နယ်အတွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁ ဒသမ ၅ ဖာလုံ၊ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ တံတားချဉ်းကပ်လမ်းနေရာအား ကျောက်တောင်မိုင်းခွဲလမ်းချဲ့၍ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတား တစ်စင်းတည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါကြောင်း။

ထို့ပြင် ထမံသီ–လေရှီး–ပန်ဆပ်–ဆွမ္မရာလမ်း၏ လေရှီးနှင့် ဆွမ္မရာအကြား ရာသီမရွေးသွားလာနိုင်ရေး လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ် စီမံချက်ရေးဆွဲထားပြီး နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လမ်းပျက်စီးမှု များပြားသောနေရာများတွင် လမ်းချောမွေ့စွာသွားလာနိုင်ရေး ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းအတက်အဆင်း မတ်စောက်သောနေရာများတွင် ကွန်ကရစ်လမ်းခင်းခြင်း၊ လိုအပ်သောနေရာများတွင် ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတားများ တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်းနှင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများအား ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှမြို့နယ် သဲကောရွာမှ ထန်းပင်ကုန်းတံတားအထိ ပျက်စီးနေသောလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းပိုင်းသည် မင်းလှမြို့နယ်နှင့် မိုးညိုမြို့နယ်တို့အား ဆက်သွယ်ထားသည့် ၁၇ မိုင် ၁ ဖာလုံအရှည်ရှိသော ရှမ်းတော–မင်းလှ–အင်းဘုတ်ကုန်း–မိုးညိုလမ်း၏ အစိတ်အပိုင်းဖြစ်ပြီး ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် သဲကောရွာမှ ထန်းပင်ကုန်းရွာအထိ လမ်းပိုင်း၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ၁ ဖာလုံ၊ အနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၂ ဖာလုံ လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ သဲကောရွာအနောက်ထိပ်မှ ထန်းပင်ကုန်းတံတားအထိ လမ်းပိုင်းတွင် ပျက်စီးမှုဖြစ်ပေါ်နေသော နေရာများအား သွားလာမှု အဆင်ပြေချောမွေ့စေရန် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နှစ်အလိုက် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။



ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးကျော်ကျော်အောင်၏ **ဗလမင်းထင်တံတားအဆင်းမှ ဝိုင်းမော်မြို့နယ် နောင်တာလောရွာအထိလမ်းအား နိုင်လွန်ကတ္တရာသို့မဟုတ် ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ် ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဝိုင်းမော်မြို့နယ်အတွင်းရှိနောင်တာလောကျေးရွာမှ ဗလမင်းထင်တံတားအဆင်းအထိ လမ်းအရှည် ၃ မိုင် ၄ ဖာလုံ လမ်းပိုင်းအား ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၃ ဖာလုံအား ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း၊ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၃ ဖာလုံနှင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၂ မိုင် ၆ ဖာလုံ ကတ္တရာကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ရန် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သန်း၏ **ကျောက်ဆည်မြို့နှင့် ဆက်သွယ်သောလမ်း ရွှေဒါး–သပြေဝန်းလမ်းပိုင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျောက်ဆည်မြို့နယ်အတွင်းရှိ အရှေ့ငယ်တိုးကျေးရွာ၊ ရွှေဒါးကျေးရွာ၊ သပြေဝန်းကျေးရွာတို့မှ ခရိုင်ချင်းဆက်လမ်းအမှတ် (၂) သို့ ဆက်သွယ်သွားလာနိုင်သည့် အဆိုပါလမ်းအား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မူလကျောက်လမ်းအရှည် ၇ ဖာလုံအား ကတ္တရာခင်းခြင်း၊ ပျက်စီးနေသော ကျောက်လမ်းအရှည် ၄ ဖာလုံအား ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ ကျန်လမ်းပိုင်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို နှစ်အလိုက် ဆက်လက်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **ကျိုင်းတောင်း–ဆိုင်းခေါင်လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် စတင်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျိုင်းတောင်း– ဆိုင်းခေါင်လမ်းပိုင်း အရှည် ၂၅ မိုင်သည် တစ်ကြောင်းထိုးမြေသားလမ်းအဆင့်သာရှိပြီး နယ်မြေအခြေအနေအရ သွားလာရန်ခက်ခဲခြင်းတို့ကြောင့် ခရီးသွားလာမှုမရှိသလောက် နည်းပါးပါကြောင်း၊ အဆိုပါ မြေသားလမ်းအပိုင်းအား သတ်မှတ်လမ်းအကျယ်ရရှိစေရန် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ မြေသားတာပေါင်ချဲ့ခြင်း၊ လိုအပ်သောနေရာများတွင် တံတား/ရေပြွန်များ တည်ဆောက်ခြင်း၊ မြေလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်ပေးနိုင်ရန် နှစ်အလိုက် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပင်းတယ မဲဆန္ဒနယ်မှ ဦးဝင်းဇော်၏ **ပင်းတယမြို့ မြို့ရှောင်လမ်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပင်းတယမြို့ရှောင်လမ်း ဖောက်လုပ်မည်ဆိုပါက လမ်းအူကြောင်းရှာဖွေခြင်း၊ ဒီဇိုင်းတိုင်းတာပုံထုတ်ခြင်း၊ စီမံကိန်းတန်ဖိုးတွက်ချက်ခြင်းနှင့် ခွင့်ပြုချက်တင်ပြတောင်းခံခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်လမ်း နယ်နိမိတ်အကျယ်ရရှိနိုင်မှု ရှိ မရှိ၊ မြေယာပိုင်ဆိုင်မှုနှင့် မြေယာလျော်ကြေးကိစ္စများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်အတူ ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

မြို့ရှောင်လမ်းဖောက်လုပ်နိုင်ရေးအတွက် ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ၊ ဖောက်လုပ်မည့် ကုန်ကျစရိတ်များ စသည့်အချက်အလက်များကို တွက်ချက်စဉ်းစား သုံးသပ်ပြီးမှသာလျှင် ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် လတ်တလောတွင် ပင်းတယမြို့ရှောင်လမ်းဖောက်လုပ်ရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မချမ်းဘောမဲဆန္ဒနယ်မှ ဦးငွါးရဲ့ဆဲ၏ **မချမ်းဘောမြို့တွင်း လမ်းပိုင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် တိုးချဲ့ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မချမ်းဘောမြို့တွင်းလမ်း၏ ကတ္တရာလမ်း ၃ မိုင်တွင် ၁၈ ပေအကျယ်လမ်းချဲ့ပြီး ၆ ဖာလုံရှိပါကြောင်း၊ ၁၈ ပေအကျယ်ချဲ့ရန် ကျန် ၂ မိုင် ၂ ဖာလုံအတွက် လမ်းခင်းပစ္စည်းများသယ်ယူရရှိနိုင်မည့် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌွေး၏ **မော်လမြိုင်မြို့နှင့် နေပြည်တော်သို့ ဆက်သွယ်သော မီးရထားအား မည်သည့်အချိန်တွင် စတင်ပြေးဆွဲမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မော်လမြိုင်မြို့နှင့် နေပြည်တော်သို့ ဆက်သွယ်ထားသော နေပြည်တော်– တောင်ငူ–အိမ်ခြေလေးဆယ်–ဆတ်သွားကုန်း–မော်လမြိုင် ရထားလမ်းပိုင်းသည် ၂၀၀၇ ခုနှစ် ဧပြီလမှစ၍ နေပြည်တော်–မော်လမြိုင်ရထားနှင့် အမှတ် (၁၈/၁၇) မော်လမြိုင်– နေပြည်တော်ရထားများ ပြေးဆွဲပေးခဲ့ပြီး ခရီးသည်စီးနင်းမှု နည်းပါးသည့်အတွက် နိုင်ငံတော်မှအရှုံးခံပြေးဆွဲ၍ ဝန်ဆောင်မှုပေးခဲ့ပါကြောင်း။

သို့သော်လည်း နေပြည်တော်–မော်လမြိုင် တိုက်ရိုက်ရထားများ ပြေးဆွဲပေးခြင်းမရှိသေးသော်လည်း ရန်ကုန်–ပဲခူး–မော်လမြိုင်ရထားလမ်းပိုင်းနှင့် ရန်ကုန်–ပဲခူး–တောင်ငူ–နေပြည်တော် ရထားလမ်းပိုင်းတို့တွင် ခေတ်မီ DEMU ရထားတွဲဆိုင်းများနှင့် ပုံမှန်အမြန်ရထားများ၊ ခရီးတိုရထားများအဖြစ် RBE, BEMU များနှင့် ပဲခူး–တောင်ငူ–နေပြည်တော်လမ်းပိုင်းတွင် အစုန်/အဆန် ပြေးဆွဲပေးလျက်ရှိသည့်အတွက် မော်လမြိုင်မှ ပဲခူး၊ ပဲခူးမှ နေပြည်တော်အထိ အဆင်ပြေချောမွေ့စွာချိတ်ဆက်၍ ခရီးသွားလာနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ မော်လမြိုင်မှ နေပြည်တော်သို့ တိုက်ရိုက်ရထားများ ပြေးဆွဲပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **သက်တမ်းလွန် မော်တော်ယာဉ်/ ဆိုင်ကယ်များအား မှတ်ပုံတင်ခွင့်ပြုမည့် အစီအစဉ်နှင့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ မှတ်ပုံတင် သက်သေခံလက်မှတ်များ ပျက်စီး၊ ပျောက်ဆုံးခြင်းများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မှတ်ပုံတင်ထားသည့် (၅) နှစ်ကျော် သက်တမ်းလွန် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၃၁ (က) ပုဒ်မခွဲ ၃ အရ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေး၍ မရပါကြောင်းနှင့် နယ်မြေဒေသလုံခြုံရေးအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် မှတ်ပုံတင်ထားသည့်ရုံးများသို့လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကိုသာ နယ်မြေဒေသအခြေအနေအပေါ်မူတည်၍ အထူးကိစ္စတစ်ရပ်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်၊ မှတ်ပုံတင် သက်သေခံလက်မှတ် ပျက်စီး၊ ပျောက်ဆုံးခြင်းများအတွက် သတ်မှတ်ထားသည့် အထောက်အထားများအား စိစစ်၍ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မြို့နယ်ပြည်သူ့ဆေးရုံအတွက် လျှပ်စစ်ဓာတ်အားပေးမီးစက် ပံ့ပိုးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းက မိုးညိုမြို့နယ်ဆေးရုံအတွက် လိုအပ်သော 25 KVA generator ကို ကုသရေးဦးစီးဌာနမှ 25 KVA generator တစ်လုံး ထောက်ပံ့ပေးပြီး ယခုအခါ တပ်ဆင်ပြီးစီးကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ဒေါင့်ကြီးတိုက်နယ်ဆေးရုံအား ပြန်လည်တည်ဆောက်ပေးရန်နှင့် ကျန်းမာရေးဝန်ထမ်း အိမ်ရာအသစ်တည်ဆောက်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းက ကျောင်းကုန်းမြို့နယ် ဒေါင့်ကြီးတိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းလုပ်ငန်း ၄ ခုအား ၂၀၁၈–၂၀၁၉ မှ ၂၀၂၁–၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်အထိ

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

လုပ်ငန်း ၃၈ ရာခိုင်နှုန်းစီပြီးစီးခဲ့၍ ငွေပေး ချေခဲ့ပြီးဖြစ်ပါကြောင်း၊ ကုမ္ပဏီမှလုပ်ငန်းများ ပြီးပြတ်အောင်ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းစဉ်များအား တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းအိမ်ရာများ၏ ကျန်ရှိလုပ်ငန်းများအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ပြန်လည်လျာထားပေးမည်ဖြစ်ပြီး တိုက်နယ်ဆေးရုံ အဆောက်အအုံကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ်ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန် (အထူးကု) တစ်ဦးကို မည်သည့်အချိန်တွင် တာဝန်ချထားပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဝေါမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့်အတူ လက်ထောက်ဆရာဝန် လေးဦး၊ သွားနှင့်ခံတွင်းဆရာဝန် တစ်ဦး၊ သူနာပြု ၁၃ ဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ၃၀ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ဝေါမြို့နယ်ပြည်သူ့ဆေးရုံသည် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံဖြစ်ပါသဖြင့် အထူးကုဆရာဝန်များ ခန့်ထားရန်အတွက် ဖွဲ့စည်းပုံမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ခမ်း၏ **မိုင်းယောင်းမြို့နယ် နမ့်ဟင်းချောင်း လက်ရိုက်ရေလွှဲဆည်အား ကျောက်စီကွန်ကရစ် ရေလွှဲဆည် တည်ဆောက်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုင်းယောင်းမြို့နယ်ရှိ နောင်ဘိုးကျေးရွာအနီး နမ့်ဟင်းချောင်းပေါ်တွင် ဒေသခံတောင်သူများ၏ ကိုယ်ထူကိုယ်ထ လက်ရိုက်ရေလွှဲဆည်ဖြစ်သည့် နောင်ဘိုးလက်ရိုက်ရေလွှဲဆည်အား အခိုင်အမာကျောက်စီကွန်ကရစ်ရေလွှဲဆည်အဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးရန်အတွက် လိုအပ်သည့် ရန်ပုံငွေကို သင့်လျော်ရာဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ **မိုင်းခတ်မြို့နယ် မိုင်းနုန်းကျေးရွာ နမ့်နုန်ချောင်း ခမ်းနွံ့ရေလွှဲဆည် ချောင်းဘေးကမ်းပါး ပြိုကျပျက်စီးမှုနှင့် ကျန်ရှိသည့် ကျောက်စီရေသွယ်မြောင်းအား မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုင်းခတ်မြို့နယ် နမ့်နုန်ချောင်း ခမ်းနွံ့ရေလွှဲဆည် ချောင်းဘေးကမ်းပါးသည် ၂၀၂၆ ခုနှစ်တွင် ချောင်းရေတိုက်စားမှုကြောင့် ချောင်းပေါင်အလျား ပေ ၆၀ ခန့် ထပ်မံကျိုးပေါက်ခဲ့ပါကြောင်း၊ ထို့ကြောင့် နမ့်နုန်းချောင်း ချောင်းလမ်းကြောင်း ပြောင်းလဲစီးဆင်းမှုအား ပြန်လည်ပိတ်ဖို့ခြင်း၊ ချောင်းအတွင်းပို့ချလျက်ရှိသည့် သဲနုန်းများအား တူးဖော်၍ ချောင်းပေါင်ဆင့်ခြင်း၊ ရေပေးမြောင်း ထပ်မံထိခိုက်ပျက်စီးမှုမဖြစ်စေရေးအတွက် ရေပေးမြောင်း ပေတိုင်သဲထုတ်ရေတံခါးနှင့် ရေဆိုးထုတ်မြောင်းတည်ဆောက်ခြင်းနှင့် တူးမြောင်းအား သဲနုန်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

ရေလွှဲဆည်ချောင်းကမ်းပါး ပြိုကျပျက်စီး၍ ချောင်းလမ်းကြောင်းပြောင်းလဲသည့် နေရာအား ပြန်လည်ပိတ်ဖို့ခြင်းနှင့် သဲနုန်းတူးဖော်ပေါင်ဆင့်ခြင်းလုပ်ငန်း၊ ရေပေးမြောင်းတွင် သဲထုတ်ရေတံခါး၊ ရေဆိုးထုတ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် တူးမြောင်းပုံစံကျ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် အနီးစပ်ဆုံး သင့်လျော်ရာဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အပိုင်းလိုက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **မိုးဗြဲရေကာတာမှ မှုံပြာကျေးရွာအထိ မြောင်းတစ်လျှောက် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ပေးရန်နှင့် ရေမိုင်နာမြောင်းများ ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုးဗြဲတမံမှ မှုံပြာရွာအထိ လက်ဝဲမြောင်းမကြီး အလျား ၅၆၂၃၄ ပေမှ လိုအပ်သည့်နေရာများ၌ အပိုင်းလိုက် အလျား ပေ ၁၈၀၀ ခန့်ကို ကွန်ကရစ်လိုင်နင်စီထားပြီးဖြစ်ပါကြောင်း။

ထို့ပြင် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လက်ဝဲမြောင်းမကြီးမှ သဲနုန်းတူးဖော်ရန် လိုအပ်သည့် အပိုင်းအလိုက် အလျားပေ ၂၀၂၅၀ အား မြောင်းပုံစံကျတူးဖော်ပြုပြင်ခြင်း၊ လက်တံ (၁) မြောင်းမှ လိုအပ်သည့်အပိုင်းအလိုက် အလျား ပေ ၂၅၀၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်း၊ လက်တံ (၂) မြောင်းမှ လိုအပ်သည့် အပိုင်းအလိုက် အလျားပေ ၂၆၀၀ အား မြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်း၊ လက်တံ (၃) မြောင်းမှ လိုအပ်သည့်အပိုင်းအလိုက် အလျား ပေ ၁၄၀၀ အား မြောင်းပုံစံကျတူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိုးဗြဲဆည်ရေသောက်စနစ်အတွင်းရှိရေပေးမြောင်းများ ရေရှည်တည်တံ့ပြီး ထိရောက်အကျိုးရှိစွာ စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် မြောင်းပုံစံကျ သဲနုန်းတူးဖော်ပြုပြင်ခြင်းနှင့် ကွန်ကရစ်လိုင်နင်စီခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လျာထားစီမံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာ ရွှေပြည်စိုး တင်သွင်းသည့် **“စာပေနှင့် ယဉ်ကျေးမှု၊ ရိုးရာထုံးစံများ မပျောက်မပျက်စေရေးအတွက် စာပေ၊ ယဉ်ကျေးမှုဆိုင်ရာမူဝါဒနှင့် စာပေရေရှည်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ/နည်းဥပဒေ (တစ်ခု) ရေးဆွဲပြီး တိတိကျကျ ပြဋ္ဌာန်းသင့်ကြောင်း အဆို”**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်**က လူမှုကွန်ရက်စာမျက်နှာများပေါ်က မြန်မာစာအရေးအသားများကို အထောက်အထားပြု၍ နိုင်ငံသုံးဘာသာ၊ သင်ကြားရေးဘာသာ၊ ဆက်သွယ်ရေးဘာသာဆိုသည့် အင်္ဂါရပ်သုံးခုဖြင့် ပြည့်စုံသောမြန်မာစာသည် နိမ့်ကျရုံမျှမက ပျက်စီးစပြုနေပြီဆိုသည့် လိမ္မော်ရောင်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုတွင် မြန်မာဟူသည် ဂုဏ်ယူနိုင်လောက်သည့် ထိပ်တန်းစာရင်းဝင်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်ပြီး လူမျိုးပျောက်လျှင် နိုင်ငံပါပျောက်မည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုဆိုသည်မှာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းရမည့် အမျိုးသားဇာတိဥပမိဖြစ်ပါကြောင်း။

သို့ဖြစ်၍ စာပေ၊ ယဉ်ကျေးမှု၊ ထိန်းသိမ်းသင့်သည့် ဓလေ့ထုံးစံများ မပျောက်မပျက်စေရေးအတွက် စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒလောက်မျှဖြင့် မလုံလောက်ပါကြောင်း၊ ဥပဒေတစ်ရပ်ခိုင်ခိုင်မာမာနှင့် ၎င်း၏ နည်းဥပဒေတိတိကျကျပြည့်ပြည့်စုံစုံ ရေးဆွဲပြဋ္ဌာန်းသင့်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှ**က အမျိုးသားဘာသာ၊ စာပေနှင့် ယဉ်ကျေးမှုများ မပျောက်ပျက်စေရန် အမျိုးသားအဆင့်မူဝါဒနှင့် သီးခြားဥပဒေ/ နည်းဥပဒေများကို တိကျစွာ ပြဋ္ဌာန်းခြင်းသည် နိုင်ငံ၏မွေးရာပါ အမွေအနှစ်များနှင့် မျိုးဆက်သစ်တို့၏ အသိဉာဏ်အဆင့်အတန်းကို တရားဝင်အာမခံချက်ပေးနိုင်ရန်အတွက် အလွန်အရေးကြီးပါကြောင်း၊ အမျိုးသားဘာသာနှင့် စာပေထိန်းသိမ်းရေး လိုအပ်ချက်များ၊ မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းခြင်း၊ ဒစ်ဂျစ်တယ်ခေတ်နှင့် နိုင်ငံတကာယဉ်ကျေးမှုများဝင်ရောက်လာမှုကြောင့် လူငယ်များစွာသည် မိခင်ဘာသာစကားနှင့် စာပေအပေါ်စိတ်ဝင်စားမှု လျော့နည်းလာခြင်းကို ဥပဒေဖြင့် ကာကွယ်ရန် လိုအပ်ပါကြောင်း။

ခေတ်မီတိုးတက်မှုနှင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုစရိုက်လက္ခဏာများ မဆုံးရှုံးစေရန် ပညာရေးသင်ရိုးညွှန်းတမ်းများတွင် ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို စနစ်တကျထည့်သွင်း ပြဋ္ဌာန်းသင့်ပါကြောင်း၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို တရားမဝင်ဖျက်ဆီးမှု မှားယွင်းစွာလိမ်လည်ပြောင်းလဲခြင်းအတွက် ဥပဒေအရပြစ်ဒဏ်များ သတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်**က ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်းခြင်းသည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရုံဖြင့်ပြီးမြောက်သွားမည့်ကိစ္စ မဟုတ်ပါကြောင်း၊ မျိုးဆက်သစ်များ လက်ဆင့်ကမ်းအသုံးပြုနိုင်ရေး၊ ပညာရှင်များ၏ အသိပညာကို မှတ်တမ်းတင်ရေး၊ ဒေသခံလူထု၏ပါဝင်မှုကို အားပေးရေးနှင့် လိုအပ်သောအရင်းအမြစ်များကို ရေရှည်ပံ့ပိုးရေးတို့ဖြင့်သာ အမွေအနှစ်များကို အခွန့်ရှည်တည်တံ့စေနိုင်မည် ဖြစ်ပါကြောင်း။

မိမိတို့၏ ရည်မှန်းချက်သည် ဥပဒေများ များပြားလာရေးမဟုတ်ဘဲ ဥပဒေများ၏ အကျိုးသက်ရောက်မှု ပိုမိုကောင်းမွန်လာရေး၊ ဘဏ္ဍာငွေများ ထိရောက်စွာ အသုံးချနိုင်ရေးနှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာအမွေအနှစ်များ မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းနိုင်ရေးပင်ဖြစ်သင့်ပါကြောင်း။

စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ တည်ဆဲဥပဒေများနှင့် လက်ရှိအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ပြည့်စုံစွာ စိစစ်သုံးသပ်ရန်၊ လက်ရှိဥပဒေများကို အကောင်အထည်ဖော်ရာတွင် လိုအပ်နေသော ဘတ်ဂျက်၊ နည်းပညာ၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးရန်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ထပ်နေမှုများကို ရှောင်ရှားပြီး ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသခံလူထုတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ဥပဒေအသစ်တစ်ရပ် လိုအပ်၊ မလိုအပ်ကို အချက်အလက်နှင့် ဥပဒေရေးရာ စိစစ်ချက်များအပေါ်အခြေခံ၍ ဆုံးဖြတ်ပေးရန်တို့ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေအသစ်ပြဋ္ဌာန်းရေး ချက်ချင်းဆောင်ရွက်ခြင်းထက် လက်ရှိအကောင်အထည်ဖော်မှုကို ဦးစွာစိစစ်သုံးသပ်ပြီး လိုအပ်သည့် အားဖြည့်မှုများကို ဆောင်ရွက်ရန် ဦးစားပေးသင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းနောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာထုံးတမ်းစဉ်လာများ၏ သဘောသဘာဝ၊ ထိန်းသိမ်းရေးနည်းလမ်းများ မတူညီကြသဖြင့် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများလည်း ကွဲပြားပါကြောင်း၊ ထို့ပြင် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့များ ထိန်းသိမ်းမြှင့်တင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မူဝါဒများနှင့် နိုင်ငံတော်အဆင့် စီမံချက်များ ချမှတ်ထားပြီးဖြစ်သကဲ့သို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်အားသွန်ခွန်စိုက် ဦးဆောင်ဦးရွက်ပြုပြီး ဝန်ကြီးဌာနများက ဆောင်ရွက်နေကြကာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများတွင် လိုအပ်သော ပြဋ္ဌာန်းချက်များ ပါဝင်ပြီးဖြစ်ပါကြောင်း။

ယနေ့ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေများအရ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များသည် အဆိုတွင်ပါဝင်သော လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လွှမ်းခြုံနိုင်မှု အားနည်းချက်များရှိလာခြင်းအတွက် ပိုမိုထိရောက်သော ပြဋ္ဌာန်းချက်များရှိလာပါက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုလွှတ်တော်များမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းတိုင်ပင်၍ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ပြဋ္ဌာန်းနိုင်ကြပါရန်နှင့် အဆိုပါလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်တော်များအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာနယ်မြေများတွင် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ကြပါရန်၊ ဒေသခံပြည်သူများကိုလည်း စည်းရုံးဆောင်ရွက်ပေးနိုင်ကြပါရန်နှင့် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒဂုံမြို့သစ် (ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာ ရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကို အလေးအနက်ထားကာ သက်ဆိုင်ရာဝန်ကြီးဌာနက မှတ်သားထားရှိပြီး ၎င်းအဆိုပြုချက်အပေါ် မှတ်တမ်းတင်စောင့်ကြည့်သွားသင့်ကြောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုအား မှတ်တမ်းတင် စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို နိုဝင်ဘာ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ထိရောက်သည့်အုပ်ချုပ်ရေးတွင် ဒေသန္တရအုပ်ချုပ်ရေး၏ အရေးပါမှု

**နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးပါသော အုပ်ချုပ်ရေးဆိုသည့် ဝေါဟာရသည် အများသဘောတူသတ်မှတ်ထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသေးဘဲ အဓိကအားဖြင့် လုပ်ငန်းစဉ်အခြေပြု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ရလဒ်အခြေပြု အဓိပ္ပာယ်ဖွင့်ဆိုချက်ဟူ၍ နှစ်မျိုးခွဲခြား၍ ဖွင့်ဆိုကြပါသည်။**

*သိန်းထွန်း(IR)*

အဓိကအားဖြင့် "အုပ်ချုပ်ရေး"ဟူသော ဝေါဟာရကို အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက ဆောင်ရွက်သည့် လုပ်ငန်းများ၏ ထိရောက်မှုကို အဓိကထားရည်ညွှန်းကြပါသည်။ အုပ်ချုပ်ရေးကို အဓိကတာဝန်ယူသည့် အုပ်ချုပ်ရေးမဏ္ဍိုင်သည် အခြားအစိုးရမဏ္ဍိုင်များထက် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ၊ လုံခြုံရေး၊ အခြေခံ အဆောက်အအုံများ၊ အိမ်ရာနှင့် အခြားအများပြည်သူဆိုင်ရာ အခြေခံအကျိုးပြုဝန်ဆောင်မှုများကို ပံ့ပိုးပေးရန် ပိုမိုတာဝန်ရှိသည့်အတွက် ယင်း၏ ဆောင်ရွက်နိုင်စွမ်းသည် ပြည်သူလူထုအတွက် အထူးအရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။

အုပ်ချုပ်ရေးကဏ္ဍ ကောင်းမွန်ထိရောက်လာသည်နှင့်အမျှ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ လုံခြုံရေး၊ကျန်းမာရေး၊ပညာရေး၊အခြေခံအဆောက်အအုံများနှင့် ဥပဒေစိုးမိုးရေးကဲ့သို့သော အများပြည်သူဆိုင်ရာ အကျိုးပြုဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်သည့် စွမ်းရည်ကို ရရှိစေပါသည်။

ထိရောက်သည့်အုပ်ချုပ်ရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးပါသည့်စနစ် ဖြစ်ပါသည်။ ထိရောက်သောအုပ်ချုပ်ရေးစနစ်သည် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းနှင့် ပူးပေါင်းဆောင်ရွက်မှုစနစ်များကို ပံ့ပိုးပေးခြင်းကြောင့် နိုင်ငံ၏ ရည်မှန်းချက်များ၊ မူဝါဒများ စတင်ချမှတ်သည့်အချိန်မှစ၍ လက်တွေ့အကောင်အထည်ဖော်ပြီးစီးသည်အထိ အဓိကအရေးပါပါသည်။ ထိရောက်သည့်အုပ်ချုပ်ရေးသည် အုပ်ချုပ်ရေးရည်မှန်းချက်များနှင့် မူဝါဒများကို အကောင်အထည်ဖော်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းပုံများအဖြစ်သာမက ပြောင်းလဲတိုးတက်နေသည့် လူ့အဖွဲ့အစည်းကို စီမံအုပ်ချုပ်ရာတွင် ခေတ်နှင့်လိုက်လျောညီထွေရှိပြီး ယင်းနှင့်ကိုက်ညီသည့် နည်းလမ်းများ အသုံးပြု အကောင်အထည်ဖော်ရန်အတွက်လည်း အရေးပါပါသည်။

တစ်နည်းအားဖြင့် အုပ်ချုပ်ရေးသည် မူဝါဒများကို အကောင်အထည်ဖော်ပေးရုံသာမက လူမှုအဖွဲ့အစည်း ပြောင်းလဲတိုးတက်စေရန်အတွက် အုပ်ချုပ်မှုပုံစံအသစ်များ ဖန်တီးအသုံးချရသည့် ယန္တရားတစ်ရပ်ဖြစ်ပါသည်။ သို့မှသာ ခေတ်အခြေအနေနှင့် ကိုက်ညီသည့် အုပ်ချုပ်မှုပုံစံရရှိပြီး ထိရောက်မှုရရှိစေပါသည်။

ကမ္ဘာ့ဘဏ်၏ governance framework တွင် **"ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဆိုသည်မှာ လုပ်ငန်းစဉ်၏အရည်အသွေးကို ရည်ညွှန်းကြောင်း"** (good governance refers to the quality of the process)ဟု ဖော်ပြထားပြီး good governance ၏ အစိတ်အပိုင်းများတွင် ထိရောက်မှု၊ တန်းတူညီမျှမှုနှင့် ပြည်သူ့အကျိုးစီးပွားကို ဦးတည်သော အုပ်ချုပ်မှုစနစ်ပါဝင်ကြောင်း ဆိုပါသည်။

ထို့အပြင် ထိရောက်သော အုပ်ချုပ်မှုစနစ်ရရှိစေသည့် မဟာဗျူဟာများတွင် ပွင့် လင်းမြင်သာမှုရှိခြင်း၊ ပြည်သူ့ရေးရာကိစ္စရပ်များတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူထုအား ဝန်ဆောင်မှုများကို ပိုမိုနီးကပ်စွာ ပေးအပ်ခြင်းတို့ ပါဝင်ကြောင်းလည်း ဆိုပါသည်။ လက်တွေ့ပြည်သူ့အုပ်ချုပ်ရေးအဆင့်တိုင်းတွင်လည်း ကောင်းမွန်ထိရောက်သည့် အုပ်ချုပ်ရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

ဒေသန္တရအဆင့် အုပ်ချုပ်စီမံခန့်ခွဲမှုဆိုသည်မှာ ခရိုင်၊ မြို့နယ် သို့မဟုတ် ဒေသအဆင့်များတွင် နိုင်ငံသားများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူများ ပူးပေါင်းပါဝင်လျက် ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များကို ဆိုလိုပါသည်။ ဒေသန္တရအစိုးရသည် အစိုးရအဆင့်များအနက် ပြည်သူများနှင့် အနီးစပ်ဆုံး၊ အလွယ်ကူဆုံး ဆက်သွယ်လုပ်ကိုင်ရသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်ပါသည်။ ပြည်သူများအနေဖြင့် အခြေခံဝန်ဆောင်မှုများကို ရယူရန်၊ အများပြည်သူဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန်နှင့် မိမိတို့၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို လုပ်ဆောင်ရွက်ရန်အတွက် ဒေသန္တရအုပ်ချုပ်ရေးမှာ တိုက်ရိုက်အကျဆုံးသော နည်းလမ်းတစ်ခုဖြစ်ပါသည်။

သို့ဖြစ်၍ ထိရောက်သော ဒေသန္တရအုပ်ချုပ်ရေးစနစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသန္တရအားလုံး တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် အဓိကအချက်အချာဖြစ်ပါသည်။ ထို့အပြင် မြို့ပြနှင့် ကျေးလက်ဒေသများရှိ ပြည်သူများ၏ လူနေမှုဘဝ အရည်အသွေးမြှင့်တင်ရေး၊ လူ့အဖွဲ့အစည်းအတွင်း မညီမျှမှုများလျှော့ချရေး၊ ပြည်သူများနှင့် အစိုးရအဖွဲ့အစည်းများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်စေရေးနှင့် လူနည်းစုအုပ်စုများ၏ အသံနှင့် လိုအပ်ချက်များကို ဖော်ပြခွင့်ရမည့် နေရာတစ်ခုဖန်တီးပေးရေးတို့တွင် ဒေသန္တရအစိုးရများသည် အရေးပါသည့် အပြောင်းအလဲကို ဖော်ဆောင်ပေးနိုင်ပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများအားလုံး ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ဗဟိုအစိုးရတစ်ခုတည်းက တာဝန်ယူလုပ်ဆောင်ခြင်းအပြင် ယင်းလုပ်ငန်းတာဝန်များတွင် ဒေသန္တရအဆင့်အစိုးရများ ပိုမိုပူးပေါင်းပါဝင်လာစေရန်အတွက် အခြေခံအားဖြင့် အောက်ပါအချက်သုံးချက် လိုအပ်ပါသည် -

(၁) ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုများပေးအပ်ရာတွင် ဒေသများ၏ အခန်းကဏ္ဍကို တိုးမြှင့်ခြင်း၊

(၂) နိုင်ငံတော်၊ ဒေသနှင့် ဒေသန္တရအဆင့်များအကြား တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေ၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

(၃) နိုင်ငံတစ်ဝန်းလုံးအတွက် မူဝါဒတစ်မျိုးတည်း သတ်မှတ်ခြင်းထက် ဒေသတစ်ခုချင်းစီ၏ စီးပွားရေး၊ လူမှုရေး၊ ပထဝီဝင်နှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ မူဝါဒ ချမှတ်ခြင်း၊

ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် အုပ်ချုပ်ရေးတာဝန်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဒေသန္တရအုပ်ချုပ်ရေး၏ အခန်းကဏ္ဍကို တိုးမြှင့်စေပြီး ယင်းသည် ထိရောက်သော အဆင့်လိုက်အုပ်ချုပ်ရေးအတွက် အရေးပါသော နည်းလမ်းတစ်ရပ်လည်းဖြစ်ကြောင်း OECD က ဆိုပါသည်။

ဒေသန္တရအုပ်ချုပ်ရေး ထိရောက်ကောင်းမွန်လာခြင်းဖြင့် နိုင်ငံသားများ၏ လိုအပ်ချက်များနှင့် ဦးစားပေးအချက်များကို ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပိုမိုအထောက်အကူရရှိစေပါသည်။ ယင်းသည် အစိုးရယန္တရားကို ပြည်သူများနှင့် ပိုမိုနီးကပ်စေပြီး ပြည်သူ့လိုအပ်ချက်များကို လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်စေနိုင်သဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ပြည်သူလူထုအကြား ယုံကြည်မှု တည်ဆောက်ပေးနိုင်သည့်အပြင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စေပါသည်။ ယင်းသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သော နည်းလမ်းတစ်ရပ်လည်း ဖြစ်ပါသည်။

ဒေသန္တရအုပ်ချုပ်ရေးစနစ်နှင့် ပတ်သက်၍ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားမှုများရှိကြသော်လည်း ထိရောက်သော ဒေသန္တရအုပ်ချုပ်ရေးစနစ်ဖြစ်လာရန်အတွက် အောက်ပါအခြေခံအချက်များအပေါ်အခြေခံ၍ တည်ဆောက်ကြပါသည် -

(၁) **ပါဝင်ဆောင်ရွက်ခွင့်**။ နိုင်ငံသားများသည် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များနှင့် ဒေသဆိုင်ရာမူဝါဒများကို ပုံဖော်ရာတွင် ပါဝင်ခွင့်ရှိခြင်း၊

(၂) **ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု**။ အုပ်ချုပ်မှုလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ခြင်း၊ သတင်းအချက်အလက်များ မျှဝေခြင်းနှင့် တာဝန်ခံမှုရှိစေခြင်း၊

(၃) **တုံ့ပြန်ဆောင်ရွက်နိုင်စွမ်း**။ အဖွဲ့အစည်းများသည် ဒေသနှင့်လူထု၏ လိုအပ်ချက်များကို လျင်မြန်ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်း၊

(၄) **တန်းတူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှု**။ မူဝါဒများ၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ အမျိုးသမီးများ၊ လူငယ်များနှင့် လူနည်းစုများအပါအဝင် လူ့အဖွဲ့အစည်းအတွင်းရှိ အုပ်စုအားလုံးထံသို့ အကျိုးသက်ရောက်မှုရှိစေခြင်း၊

(၅) **တရားဥပဒေစိုးမိုးရေး**။ ဆုံးဖြတ်ချက်များကို တရားမျှတမှုရှိစေပြီး နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ်ပေးသည့် ဥပဒေဘောင်အတွင်းမှ ချမှတ်ဆောင်ရွက်ခြင်း။

(၆) **ထိရောက်မှုနှင့် စွမ်းဆောင်ရည်မြင့်မားမှု**။ လူထုအတွက် လက်တွေ့ကျသော ရလဒ်များရရှိစေရန် ပြည်သူပိုင် အရင်းအမြစ်များကို တာဝန်သိစိတ်ဖြင့် အသုံးပြုခြင်း။

ယင်းအခြေခံအချက်များသည် ဒေသန္တရအုပ်ချုပ်ရေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်အဖြစ် သက်သက်မှ နိုင်ငံသားများနှင့် အစိုးရတို့အကြား တာဝန်ကို အတူတကွ ပူးတွဲထမ်းဆောင်သည့် လုပ်ငန်းစဉ်တစ်ခုအဖြစ်သို့ ပြောင်းလဲပေးပါသည်။ သို့မှသာ ထိရောက်သော ဒေသန္တရအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် ထိရောက်သော အုပ်ချုပ်ရေးတစ်ရပ်ဖြစ်ပေါ်လာရန် အစိုးရအဖွဲ့အစည်းများ တည်ရှိနေရုံမျှဖြင့် ထိရောက်ရန်ခက်ခဲပါသည်။ ထိရောက်သော အုပ်ချုပ်ရေးတစ်ရပ်ဖြစ်ရန်အတွက် တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ပြည်သူများ၏ ပါဝင်ဆောင်ရွက်မှု၊ တုံ့ပြန်ဆောင်ရွက်နိုင်မှု၊ ထိရောက်မှုနှင့် တရားဥပဒေစိုးမိုးရေးတို့လည်း ပါဝင်ရန်လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ ကျယ်ပြန့်သော အုပ်ချုပ်ရေးမူဘောင်အတွင်း၌ ဒေသန္တရအုပ်ချုပ်ရေးအနေဖြင့် အစိုးရအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးရသော ပြည်သူများအကြား တိုက်ရိုက်ချိတ်ဆက်ပေးသည့် အခန်းကဏ္ဍမှ ပါဝင်သောကြောင့် အလွန်အရေးပါလျက်ရှိပါသည်။

ဒေသန္တရအုပ်ချုပ်ရေး၏ အရေးပါသော အခြားအကြောင်းရင်းတစ်ရပ်မှာ သက်ဆိုင်ရာ ဒေသများနှင့် လူမှုအသိုက်အဝန်းများအတွင်း စဉ်ဆက်မပြတ်ပြောင်းလဲနေခြင်းကြောင့် ဒေသန္တရအုပ်ချုပ်ရေးသည် ပြည်သူများ၏ လိုအပ်ချက်များနှင့် နိုင်ငံနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုများစွာကို ကိုင်တွယ်ဖြေရှင်းကြရသောကြောင့် အရေးပါလျက်ရှိပါသည်။

**ယင်းစိန်ခေါ်မှုတို့တွင် ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီရရှိရေး၊ ဒေသဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောရေနှင့် မိလ္လာစနစ်များရရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြည်သူ့လုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ဖန်တီးပေးရေးတို့ ပါဝင်ပါသည်။ နိုင်ငံတော်အစိုးရများသည် ကျယ်ပြန့်သော မူဝါဒများနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလုပ်ငန်းများကို ချမှတ်ပေးကြသော်လည်း ဒေသန္တရအဖွဲ့အစည်းများသည် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖော်ထုတ်သိရှိကြရပြီး ယင်းလိုအပ်ချက်များနှင့်အညီ လက်တွေ့**

**○ လုံလောက်သော လုပ်ပိုင်ခွင့်အာဏာ၊ အရင်းအမြစ်များနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များမရှိဘဲ လုပ်ပိုင်ခွင့်ရှိသည့် အာဏာခွဲဝေပေးခြင်းသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရေးကို အထောက်အကူမပြုစေနိုင်သကဲ့သို့ ရှိနှင့်ပြီးသား မညီမျှမှုများကိုပင် ပိုမိုဆိုးရွားလာစေနိုင်**

**○ အရေးကြီးဆုံးမှာ ထိရောက်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို ခိုင်မာသည့် ဗဟိုအဖွဲ့အစည်းများဖြင့်သာ တည်ဆောက်၍ မရနိုင်ခြင်းဖြစ်ပါသည်။ ယင်းအတွက် အရည်အချင်း၊ တာဝန်ယူမှု၊ အားလုံးပါဝင်နိုင်စွမ်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိသော ဒေသန္တရအဖွဲ့အစည်းများ လိုအပ်ပါသည်။ ဒေသန္တရအုပ်ချုပ်ရေးကို အားကောင်းလာအောင် ဆောင်ရွက်ခြင်းသည် အစိုးရ၏မူဝါဒများနှင့် ပြည်သူလူထု၏ နေ့စဉ်လိုအပ်ချက်များအကြား ကွာဟချက်ကို လျှော့ချပေးနိုင်သကဲ့သို့ အစိုးရအပေါ် ပြည်သူလူထု၏ ယုံကြည်မှုကို တိုးတက်စေပြီး ပိုမိုမျှတ၍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်**

*စာမျက်နှာ ၁၁ သို့*

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ပန်ဝါမြို့၊ ချန်းမောအိမ်ရာ (၁၇)၊ အမှတ် (၃) ရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]** သည် ယင်းပါတီ၏ အမည်ကို **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** ဟု အမည်ပြောင်းလဲခွင့်ပြုပါရန်နှင့် ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** ဟူသည့် အမည်နှင့် ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)၏ အလံပုံစံ**



**ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၈**

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ကာတွန်း




❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၁၀ မှ*

**အကောင်အထည်ဖော်နိုင်သည့် လုပ်ငန်းများအဖြစ် ပြောင်းလဲဆောင်ရွက်ရန် ပိုမိုသင့်လျော်သောအခြေအနေတွင် ရှိနေကြပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ကလည်း ဒေသန္တရအစိုးရသည် ပြည်သူများနှင့် အနီးကပ်ဆုံးဖြစ်ပြီး လက်လှမ်းမီရရှိနိုင်ဆုံးသော အစိုးရအဆင့်တစ်ရပ်ဖြစ်ရှိကြောင်း ဖော်ပြပါသည်။**

ထို့ကြောင့် ထိရောက်သော ဒေသန္တရအုပ်ချုပ်ရေးသည် အုပ်ချုပ်ရေးဆိုင်ရာ စီမံဖွဲ့စည်းမှုတစ်ရပ်မျှသာမဟုတ်ဘဲ ပြည်သူလူထုပူးပေါင်းပါဝင်သည့် အုပ်ချုပ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ သို့ရာတွင် ဒေသန္တရအုပ်ချုပ်ရေးထိရောက်မှုရှိစေရန် သင့်လျော်သော အဖွဲ့အစည်းဆိုင်ရာဖွဲ့စည်းမှုများ၊ လုံလောက်သော ဘဏ္ဍာရေးအရင်းအမြစ်များ၊ စွမ်းဆောင်ရည်ပြည့်ဝသော ဝန်ထမ်းများ၊ အဓိပ္ပာယ်ပြည့်ဝသည့် ပြည်သူပါဝင်ဆောင်ရွက်မှုနှင့် ထိရောက်သော တာဝန်ခံမှုဆိုင်ရာ ယန္တရားများရှိရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့ကြောင့် ဒေသန္တရအုပ်ချုပ်ရေးကို အားကောင်းခိုင်မာစေခြင်းသည် အုပ်ချုပ်ရေး၏ အလုံးစုံအရည်အသွေးကို မြှင့်တင်ပေးနိုင်သကဲ့သို့ အားလုံးပိုမိုပါဝင်၍ ဟန်ချက်ညီ မျှတသော ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေပါသည်။

ထိရောက်သော ဒေသန္တရအုပ်ချုပ်ရေးစနစ်ခိုင်မာအားကောင်းလာသည်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများတွင် -

(၁) ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် တာဝန်ခံမှုများ မြှင့်တင်ပေးနိုင်ခြင်း၊

(၂) ပြည်သူ့ဝန်ဆောင်မှုများ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခြင်း၊

(၃) ပွင့်လင်းမြင်သာမှု မြှင့်တင်နိုင်ခြင်းနှင့် အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်နိုင်ခြင်း၊

(၄) ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ဒေသဆိုင်ရာ မညီမျှမှုများကို လျှော့ချနိုင်ခြင်း၊

(၅) ပြည်သူလူထု၏ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်နိုင်စွမ်း အားကောင်းစေခြင်း၊

(၆) ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုကို အထောက်အကူပြုခြင်း၊

(၇) ပြည်သူလူထုနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေခြင်း။

သို့ဖြစ်ရာ ဒေသန္တရအုပ်ချုပ်ရေးသည် ထိရောက်သော အုပ်ချုပ်ရေးစနစ်တစ်ခု၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ခု တွေ့ရပါသည်။ သို့သော် ဒေသန္တရအစိုးရအဖွဲ့အစည်းများ ရှိနေရုံမျှဖြင့် ထိရောက်သော အုပ်ချုပ်ရေးစနစ်တစ်ခု အလိုအလျောက်ဖြစ်ပေါ်လာမည်ဟု မဆိုနိုင်ပါ။ ဒေသန္တရအုပ်ချုပ်ရေးမှ ရရှိလာမည့် အကျိုးကျေးဇူးများသည် လုံလောက်သော ဘဏ္ဍာရေးအရင်းအမြစ်များ၊ စွမ်းဆောင်ရည်ရှိသည့် အုပ်ချုပ်ရေးဝန်ထမ်းများ၊ နိုင်ငံသားများ၏ အဓိပ္ပာယ်ပြည့်ဝသော ပါဝင်ဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ထိရောက်သော တာဝန်ခံမှုဆိုင်ရာ စီမံဆောင်ရွက်ချက်များ ရှိ/မရှိ အပေါ်တွင် မူတည်နေပါသည်။

လုံလောက်သော လုပ်ပိုင်ခွင့်အာဏာ၊ အရင်းအမြစ်များနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များမရှိဘဲ လုပ်ပိုင်ခွင့်ရှိသည့် အာဏာခွဲဝေပေးခြင်းသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရေးကို အထောက်အကူမပြုစေနိုင်သကဲ့သို့ ရှိနှင့်ပြီးသား မညီမျှမှုများကိုပင် ပိုမိုဆိုးရွားလာစေနိုင်ပါသည်။

အရေးကြီးဆုံးမှာ ထိရောက်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို ခိုင်မာသည့် ဗဟိုအဖွဲ့အစည်းများဖြင့်သာ တည်ဆောက်၍ မရနိုင်ခြင်းဖြစ်ပါသည်။ ယင်းအတွက် အရည်အချင်း၊ တာဝန်ယူမှု၊ အားလုံးပါဝင်နိုင်စွမ်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိသော ဒေသန္တရအဖွဲ့အစည်းများ လိုအပ်ပါသည်။ ဒေသန္တရအုပ်ချုပ်ရေးကို အားကောင်းလာအောင် ဆောင်ရွက်ခြင်းသည် အစိုးရ၏မူဝါဒများနှင့် ပြည်သူလူထု၏ နေ့စဉ်လိုအပ်ချက်များအကြား ကွာဟချက်ကို လျှော့ချပေးနိုင်သကဲ့သို့ အစိုးရအပေါ် ပြည်သူလူထု၏ ယုံကြည်မှုကို တိုးတက်စေပြီး ပိုမိုမျှတ၍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ပါသည်။

ထို့ကြောင့် ဒေသန္တရအုပ်ချုပ်ရေးကို ဒုတိယတန်းစားအုပ်ချုပ်ရေး လုပ်ငန်းစဉ်တစ်ခုအဖြစ် ရှုမြင်ခြင်းထက် ထိရောက်သောအုပ်ချုပ်ရေးစနစ်နှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် အခြေခံအုတ်မြစ်တစ်ခုအဖြစ် သတ်မှတ်မြှင့်တင်ပေးမှသာ ထိရောက်သော ဒေသန္တရအုပ်ချုပ်ရေးစနစ်ဖြစ်လာ၍ နိုင်ငံတော်အတွက် ခိုင်မာအားကောင်းသော အုပ်ချုပ်ရေးစနစ်ကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ ။


အကိုးအကား

၁။ Kyaw, Z. M., & Nguyen, N. T. (2023). Enhancing state capacity for effective governance (ADBI Policy Brief No. 2023–14). Asian Development Bank Institute. https://doi.org/10.56506/UZAC3705

၂။ OECD. (2022). Regional governance in OECD countries: Trends, typology and tools. OECD Publishing. https://doi.org/10.1787/4d7c6483-en

၃။ Devas, N., & Grant, U. (2003). Local government decision–making–Citizen participation and local accountability: Some evidence from Kenya and Uganda. Public Administration and Development, 23(4), 307–316. https://doi.org/10.1002/pad.281

၄။ Organisation for Economic Co–operation and Development. (2019). Making decentralisation work: A handbook for policy–makers. OECD Publishing. https://doi.org/10.1787/g2g9faa7–en

၅။ Smoke, P. (2013). Why theory and practice are different: The gap between principles and reality in subnational revenue systems. Policy and Society, 32(1), 7–21. https://doi.org/10.1016/j.polsoc.2013.02.001

၆။ United Nations Development Programme. (n.d.). Local governance and development. https://www.undp.org/eurasia/local-governance-and-development

၇။ United Nations Human Settlements Programme. (2004). Tools to support transparency in local governance. UN–Habitat and Transparency International. Full publication record

၈။ United Nations Human Settlements Programme. (2026). Catalogue of solutions 2026–2029: Participatory multilevel governance and the localization of the Sustainable Development Goals. UN–Habitat. UN–Habitat publication

၉။ Kahkonen, S., & Lanyi, A. (2001). Decentralization and governance: Does decentralization improve public service delivery? (PREM Notes No. 55). World Bank.

# မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းသပိတ်လောင်းလှူပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၈**

ရတနာပုံမန္တလေးမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားတော်မူခဲ့သည့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိဘုရား(၁၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် လေးပြင် လေးရပ်မှ ပင့်သံဃာအပါး ၂၂၀၀ အား သံဃာ့ဒါနဆွမ်းသပိတ်လောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန် ကုသိုလ်တော်စေတီတော်တို့တွင် ကျင်းပသည်။(ယာပုံ)



ဆွမ်းသပိတ်လောင်းလှူပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကဥက္ကဋ္ဌ အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဘုရားဖူးညှော်ပရိသတ်များက မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားအား ဖူးမြော်ကြည်ညိုပြီး လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား ဆွမ်းသပိတ်များ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကာ ရင်ပြင်တော်အင်္ဂါထောင့်နှင့် တောင်ဘက်စောင်းတန်းတို့တွင် လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား သံဃာ့ဒါနဆွမ်းသပိတ်များ လောင်းလှူနေမှုများကို လိုက်လံကြည့်ရှုကြည်ညိုခဲ့ကြကြောင်းနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ယမန်နေ့ကလည်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ခုတင်(၂၀၀) ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူတို့က ခွဲစိတ် နှစ်ထပ်ဆောင် ဆောက်လုပ်ရန်လျာထားမြေနေရာ၊ Heat Stroke Unit ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ရေသန့်စင်စက်တပ်ဆင်ထားမှု၊ ဂါလန် ၂၀၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်နေမှုနှင့် ပြီးစီးသွားပါက သောက်သုံးရေ ပိုမိုဖြန့်ဝေပေးသွားနိုင်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးဝါးကုသမှု ခံယူနေကြသူများအား နှုတ်ဆက်အားပေး စကားများပြောကြား၍ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆေးရုံအထောက်အကူပြု ရန်ပုံငွေနှင့် ဓာတ်ဆားထုပ်များကို လက်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နဂါးတစ်ထောင်စေတီ အုတ်မြစ်ချမင်္ဂလာအခမ်းအနားနှင့် ၂၀၂၆ ခုနှစ် ရှမ်းပြည်နယ် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ သီချင်းပြိုင်ပွဲနှင့် သီချင်းအတည်ပြုရွေးချယ်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၈**

တောင်ကြီးမြို့နယ် နမ့်ဆီးကျေးရွာအုပ်စု မြစိမ်းကျေးရွာ Taunggyi Garden City အနီးရှိ နဂါးတစ်ထောင် စေတီအုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် ဧည့်ပရိသတ်များက နဂါးတစ်ထောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝံသသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးထံ အုတ်မြစ်တော်နှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကာ သတ်မှတ်နေရာများ၌ အုတ်မြစ်ချ၍ အမွှေးနံ့သာဖြင့် ပက်ဖျန်းပူဇော်ကြသည်။(ယာပုံ)



ထို့နောက် တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ရှမ်းပြည်နယ် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ သီချင်းပြိုင်ပွဲနှင့် သီချင်းအတည်ပြုရွေးချယ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် သီချင်းပြိုင်ပွဲဒိုင်ချုပ် ဒေါက်တာအောင်နေမျိုးက ၂၀၂၆ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပဏာမအဆင့် ရွေးချယ်ခံထားရသည့် အဆိုရှင် ခြောက်ဦးက မဲနှိုက်၍ ပြိုင်ပွဲကိုကျင်းပရာ အဆိုရှင်ခန့်သီဟက ဂန္ထဝင်ပွဲတော်သီချင်း၊ အဆိုရှင် အောင်သူရလင်းက ဝေဟင်ထက်က ပွဲတော်ညသီချင်း၊ အဆိုရှင် ခွန်ကြည်မောင်က တောင်ကြီးမြို့ရဲ့ တန်ဆောင်တိုင်ပွဲတော် သီချင်း၊ အဆိုရှင် ဒီနေရှင်းက မောရှမ်းမြေတန်ဆောင်တိုင်သီချင်း၊ အဆိုရှင် ကိုဖိုက် (သုံးထစ်လှေကား) က တို့ရိုးရာသီချင်း၊ အဆိုရှင်စိုင်းဟိန်းကိုကိုက ကမ္ဘောဇမောတို့ရှမ်းဌာနေသီချင်းတို့ဖြင့် သီဆိုယှဉ်ပြိုင်ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် ရှမ်းပြည်နယ် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် သီချင်းကို ထုတ်ပြန်ကြေညာ ပေးသွားမည်ဖြစ်ကြောင်းနှင့် ယနေ့ပြိုင်ပွဲတွင် ပဏာမရွေးချယ် ခံထားရသည့် သီချင်း ခြောက်ပုဒ်အား အကဲဖြတ်ရမှတ်အလိုက်ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဌာနဆိုင်ရာရုံးများ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် ကြည့်ရှုစစ်ဆေး

**ဖလမ်း အောက်တိုဘာ ၂၈**

ဖလမ်းမြို့မရဲစခန်း ပြုပြင်ပြီးစီးမှု၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အဆောက်အအုံ ပြုပြင်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အအုံ ပြုပြင်ပြီးစီးမှု၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၊ စီမံကိန်းရေးဆွဲရေးဌာန၊ ခရိုင်နှင့် မြို့နယ်စီမံကိန်း ဦးစီးရုံး ပြုပြင်ပြီးစီးမှု၊ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံ ပြုပြင်ပြီးစီးမှုနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လူမှုဝန်ထမ်းဦးစီးဌာန ဖလမ်းမူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကလေးငယ်များအတွက် အာဟာရများ ထောက်ပံ့ပေးအပ်ကာ ကလေးများ၏ ကဗျာရွတ်ဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဖလမ်းမြို့ ယာယီပြည်သူ့ဆေးရုံကြီးအတွက် အသစ်ရောက်ရှိလာသော Mobile Digital X-ray တပ်ဆင်ပြီးစီးမှုနှင့် လူနာများအား X-ray ဖြင့် စစ်ဆေးပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ယမန်နေ့ ညနေပိုင်းကလည်း ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်၊ ချင်းပြည်နယ် လျှပ်စစ်၊စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေလင်းအောင်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုအိတ်ချိန်း / မိုက်ခရိုဝေ့ဖ်စခန်း အဆောက်အအုံ ပြုပြင်ပြီးစီးမှု အခြေအနေနှင့် ဆက်သွယ်ရေးကုန်းရှိ ဖလမ်းမြို့ပင်မ ရေပေးဝေရေး ကန်ရေဂါလန် တစ်သိန်းဆံ့ ရေလှောင်ကန်နှင့် လှူရုံမှုန်ရိပ်သာ အနီးရှိ မြို့တွင်း ရေဖြန့်ဝေကန် ရေဂါလန်နှစ်သောင်းခွဲဆံ့တစ်လုံးနှင့် တစ်သောင်းဆံ့ တစ်လုံးမှ တစ်ဆင့် မြို့တွင်းရေ ဖြန့်ဝေပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဖလမ်းမြို့ (၈) ရပ်ကွက်အား ရေဂါလန် တစ်သိန်းဆံ့ ပင်မရေလှောင်ကန် လေးလုံး၊ မြို့တွင်းဖြန့်ဝေကန် ၃၉ လုံးဖြင့် သောက်သုံးရေများ လုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်**

(ပြန်/ဆက်)

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။
- သွေးကြောထုံးခြင်းကို သက်သာစေခြင်း။
- အစာခြေစနစ်ကို ကောင်းမွန်စေခြင်း။
- အသက်ကြီးလျှင် ဖြစ်တတ်သော မှတ်ဉာဏ်ယုတ်လျော့ခြင်းမဖြစ်အောင် ကာကွယ်ပေးခြင်း။

## ၂၀၂၆ ခုနှစ် ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၈**

၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးသူများနှင့် ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများ၊ အသက် ၁၂ နှစ်အောက် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၂ နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၆ နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၆၀ နှစ်နှင့်အထက် နှစ်ယောက်ပေါင်း ၁၃၀ အမျိုးသားပြိုင်ပွဲ၊ အသက် ၅၀ နှင့်အထက် နှစ်ယောက်ပေါင်း ၁၁၀ အမျိုးသားပြိုင်ပွဲ၊ ဒုတိယတန်းအမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ ဒုတိယတန်း အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ ပထမတန်းအမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ ဒုတိယတန်း အမျိုးသား အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ ပထမတန်း အမျိုးသား နှစ်ယောက်တွဲ ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့သူများကို တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုကလပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် အမျိုးသမီးအသင်းလိုက်နှင့် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့ကြသူများကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုကလပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားများကို ပေးအပ်ခဲ့သည်။အဆိုပါပြိုင်ပွဲကို အားကစားသမား ၄၀၀ ဖြင့် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ နောက်ဆုံးရက် ညပိုင်းက မီးပုံးပျံအသေးများနှင့် ရုပ်ပုံ မီးပုံးပျံများကို လွှတ်တင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ရန်ကုန်မြို့နေ အများပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

## ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ရွေးစင်ပြိုင်ပွဲတွင်အမျိုးသမီး တံခွန်စိုက်ဆုဖလားနှင့်ဆုတံဆိပ်များ ရရှိခဲ့သော တနင်္သာရီတိုင်းဒေသကြီး လက်ဝှေ့အဖွဲ့အား ဂုဏ်ပြုပွဲကျင်းပ

**ထားဝယ် အောက်တိုဘာ ၂၈**

၂၀၂၆ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ရွေးစင်ပြိုင်ပွဲတွင် အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့် ဆုတံဆိပ်များ ရရှိခဲ့သော တနင်္သာရီတိုင်းဒေသကြီး လက်ဝှေ့အဖွဲ့အား ဂုဏ်ပြုပွဲကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တိုင်းဒေသကြီး အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ရွေးစင်ပြိုင်ပွဲများတွင် ဆုရရှိမှုအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ရွှေငါးခု၊ ကြေးလေးခုနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိခဲ့ပြီး စုစုပေါင်း တံခွန်စိုက်ဆုဖလားကို အစဉ်အလာမပျက်(၆)ကြိမ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ပြီးယခု ၂၀၂၆ ခုနှစ်တွင် ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးလေးခုနှင့် အမျိုးသမီး တံခွန်စိုက်ဆုဖလား ထပ်မံရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်က အောင်နိုင်ရေးအတွက် ကြိုးတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည့် အခြေအနေများအား ရှင်းလင်းတင်ပြ၍ တံခွန်စိုက်ဆုဖလားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ အပ်နှံသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသော ကစားသမား တစ်ဦးလျှင်ငွေကျပ် သိန်း ၂၀ စီ၊ ငွေတံဆိပ်ရရှိသော ကစားသမား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ၊ ကြေးတံဆိပ်ရရှိသော ကစားသမား တစ်ဦးလျှင် ငွေကျပ် ခြောက်သိန်းစီနှင့် အုပ်ချုပ်/နည်းပြ/ ဒိုင်အဖွဲ့ ငါးဦးကို တစ်ဦးလျှင်ငွေကျပ် နှစ်သိန်းစီ၊ လက်ဝှေ့ဆပ်ကော်မတီနှင့် ဘောလုံးအဖွဲ့ချုပ်တို့က လက်ဝှေ့အဖွဲ့ကို ငွေကျပ် ၁၀ သိန်းစီ စုစုပေါင်း ဂုဏ်ပြုဆုငွေကျပ် ၁၂၄ သိန်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး လက်ဝှေ့အသင်း အုပ်ချုပ်သူ ဦးဟန်ကြည်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညို လာဇာရို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုခရီးစဉ် လာရောက်

**နေပြည်တော် အောက်တိုဘာ ၂၈**

၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညို လာဇာရို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ လူသားချင်းစာနာမှုခရီးစဉ် လာရောက်လျက်ရှိသည်။



အထူးကိုယ်စားလှယ်နှင့် အဖွဲ့ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိချိန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် AHA Centre မှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ အာဆီယံသံရုံးများမှ သံတမန်များ ပါဝင်သော အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့ (ASEAN Monitoring Team–AMT) နှင့် အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ စိန့်ဖော်စတီနာ နိုဗီရှိတ်ဘုရားကျောင်းနှင့် တောင်ကြီးမြို့နယ် ညိုမီးဘုရားကုန်း ကျေးရွာတို့၌ AHA Centre မှ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကူအညီဖြင့် ပေးအပ်သည့် လူသားချင်းစာနာမှု အကူအညီများဖြစ်သည့် ဆန်၊ မိသားစုသုံးပစ္စည်းနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများအား အကူအညီ လိုအပ်နေသူများထံ ထောက်ပံ့ပေးအပ်နေမှုများကို လေ့လာကြည့်ရှုသည်။

ညနေပိုင်းတွင် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် တောင်ကြီးမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညပိုင်းတွင် ရောက်ရှိခဲ့သည်။ နေပြည်တော် လေဆိပ်သို့ ရောက်ရှိချိန်တွင် အထူးကိုယ်စားလှယ်နှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

နိုင်ငံသာယာ
ဝပြောဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့။

## ရေနံချောင်းမြို့နယ်၌ ချည်မျှင်ရှည်ဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

**ရေနံချောင်း အောက်တိုဘာ ၂၈**

မကွေး တိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေလုပ်ငန်းကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးယဉ်မင်းစိုးက မြို့နယ်အတွင်း ဝါစိုက်ဧကတိုးမြှင့်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိပြီး ပြည်ပသို့တင်ပို့သည့် ပမာဏ မြင့်မားလာစေရန် ရည်ရွယ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ချေးငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် ဝွေးကုန်းကျေးရွာအုပ်စုနှင့် ကံကြီးကျေးရွာအုပ်စုတို့မှ ဝါစိုက်တောင်သူ ၁၁၀ ၏ ဝါစိုက်ဧက ၂၁၀ အတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ချေးငွေကျပ် ၆၃၀၀၀၀၀၀ ကို တောင်သူများ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုးကြီး(ပြန်/ဆက်)**

# နျူကလီးယားလက်နက်ကင်းစင်သော ကမ္ဘာတစ်ခုဖန်တီးရေး ဂျပန်နိုင်ငံက တင်သွင်းသည့်ဆုံးဖြတ်ချက်မူကြမ်း ကုလသမဂ္ဂတွင် အတည်ပြု

**ဂျီနီဗာ အောက်တိုဘာ ၂၈**

ကုလသမဂ္ဂအထွေထွေညီလာခံ၏ ပထမ ကော်မတီတွင် နျူကလီးယားလက်နက် ကင်းစင်သော ကမ္ဘာတစ်ခု ဖန်တီးရေးအတွက် ဂျပန်နိုင်ငံက တင်သွင်းသည့် ဆုံးဖြတ်ချက် မူကြမ်းကို ယမန်နေ့က နိုင်ငံပေါင်း ၁၅၀ ၏ ထောက်ခံမဲဖြင့် အတည်ပြုခဲ့သည်။




အဏုမြူဗုံးကြဲခံခဲ့ရသည့် တစ်ခုတည်းသော နိုင်ငံဖြစ်သော ဂျပန်နိုင်ငံသည် နျူကလီးယားလက်နက် ဖျက်သိမ်းရေးဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို နှစ်စဉ်တင်သွင်းခဲ့ရာ ၁၉၉၄ ခုနှစ်မှစ၍ ယခုအကြိမ်အပါ အဝင် နှစ်စဉ် အတည်ပြုခံခဲ့ရခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်မူကြမ်းတွင် နျူကလီးယား လက်နက်မပြန့်ပွားရေးစာချုပ် (NPT) အဖွဲ့ဝင် နိုင်ငံများ၏ ပြန်လည်သုံးသပ်ရေးညီလာခံ၌ မေလအတွင်း နောက်ဆုံးသဘောတူညီချက် တစ်ရပ် မချမှတ်နိုင်ခဲ့ခြင်းအပေါ် နောင်တရ ကြောင်း ဖော်ပြထားသည်။

ထို့ပြင် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံများအနေဖြင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းထားသည်။

သဘောထားရပ်တည်ချက် အမျိုးမျိုးရှိသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၅၀ ၏ ထောက်ခံမှုရရှိခဲ့ခြင်းသည် အနာဂတ်တွင် နျူကလီးယား လက်နက်ဖျက်သိမ်းရေး ကြိုးပမ်းအားထုတ်မှုများအတွက် အားတက်ဖွယ်ရာဖြစ်ကြောင်း လက်နက်ဖျက်သိမ်းရေး ညီလာခံဆိုင်ရာ ဂျပန်သံအမတ် အိချီကာဝါ တိုမီကိုက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# စပိန်နိုင်ငံ၌ အမြန်ရထားနှစ်စင်း တိုက်မိမှုကြောင့် လူ ၅၀ ခန့်သေဆုံး၊ ၁၇၉ ဦး ဒဏ်ရာရ

**မက်ဒရစ် အောက်တိုဘာ ၂၈**

စပိန်နိုင်ငံ၌ မက်ဒရစ်မြို့နှင့် တောင်ပိုင်းဒေသ အန်ဒါလူစီယာကို ဆက်သွယ်ထားသည့် ရထားလမ်းပေါ်တွင် အောက်တိုဘာ ၂၈ ရက်က အမြန်ရထားနှစ်စင်း တိုက်မိမှုဖြစ်ပွားခဲ့ရာ လူ ၅၀ ခန့် သေဆုံးပြီး ၁၇၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စပိန်မီဒီယာများတွင် ဖော်ပြထားသည်။



တိုလီဒိုပြည်နယ်ရှိ အာဒရာဘူတာရုံအနီးတွင် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅၄ မိနစ်က အဆိုပါ မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရထားတိုက်မှုတွင် နိုင်ငံပိုင် ရထားကုမ္ပဏီ ရန်ဖေးက ပြေးဆွဲသည့် ရထားတစ်စင်းနှင့် ပုဂ္ဂလိကကုမ္ပဏီ အိုင်ရီယိုက ပြေးဆွဲသည့် ရထားတစ်စင်းတို့ ပါဝင်ခဲ့သည်။

ရထားတိုက်မှု ဖြစ်ပွားပြီးနောက် မက်ဒရစ်မြို့နှင့် အန်ဒါလူစီယာ ဒေသအကြား ရထား ဝန်ဆောင်မှုအားလုံး ရပ်ဆိုင်းသွားခဲ့ကြောင်း စပိန်နိုင်ငံ၏ရထားလမ်းအော်ပရေတာ အက်ဒစ်ဖ်က အတည်ပြုခဲ့သည်။

တိုလီဒိုတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သောရထားမတော်တဆမှုအပေါ် အလွန်တုန်လှုပ်မိကြောင်း ဝန်ကြီးချုပ် ပက်ဒရိုဆန်ချက်ဇ်က လူမှုကွန်ရက်တွင် ရေးသားခဲ့သည်။ မတော်တဆမှုကြောင့် ထိခိုက်ခံစားခဲ့ရသူများကို ကူညီပေးရန် အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များက အခင်းဖြစ်ပွားရာ နေရာတွင် ရောက်ရှိ လုပ်ဆောင်နေကြောင်းလည်း ၎င်းက ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ကလေးများ လူမှုကွန်ရက် အလွန်အကျွံအသုံးပြုမှု တားဆီးရန် မိဘခွင့်ပြုချက်စနစ်ထားရှိရေး Meta တိုက်တွန်း

**ဆန်ဖရန်စစ္စကို အောက်တိုဘာ ၂၈**

အမေရိကန်နည်းပညာကုမ္ပဏီကြီး Meta Platforms ၏ ကမ္ဘာလုံးဆိုင်ရာ ဘေးကင်းလုံခြုံရေးဆိုင်ရာ အကြီးအကဲက ကလေးများ လူမှုကွန်ရက်ကို အလွန်အကျွံအသုံးပြုခြင်းမှ ကာကွယ်ရန် အက်ပ်များ ဒေါင်းလုတ်လုပ်ရာတွင် မိဘ၏ခွင့်ပြုချက်ရယူရသည့် စနစ်တစ်ရပ်ထားရှိရန် တိုက်တွန်းလိုက်သည်။

Meta Platforms ၏ ဒုတိယဥက္ကဋ္ဌနှင့် ကမ္ဘာလုံးဆိုင်ရာ ဘေးကင်းလုံခြုံရေးအကြီးအကဲ အန်တီဂုန်းဒေးဗစ်သည် ဂျပန်နိုင်ငံသို့ သွားရောက်စဉ် အစိုးရတာဝန်ရှိသူများနှင့် ပညာရေးဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံခဲ့ပြီး NHK သတင်းဌာနနှင့်လည်း တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။

လက်ရှိတွင် ကလေးများ လူမှုကွန်ရက်အသုံးပြုခွင့်ကို ပိုမိုတင်းကျပ်စွာ ထိန်းချုပ်ရန် ဆောင်ရွက်မှုများ နိုင်ငံတကာ၌ ပျံ့နှံ့လာနေသည်။ ဩစတြေးလျနိုင်ငံသည် ပြီးခဲ့သည့်နှစ်က အသက် ၁၆ နှစ်အောက် ကလေးများ၏ လူမှုကွန်ရက်အသုံးပြုမှုကို ပိတ်ပင်သည့်စနစ်ကို စတင်ကျင့်သုံးခဲ့ပြီး ယင်းသို့ဆောင်ရွက်သည့် ကမ္ဘာ့ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

ကလေးများ အွန်လိုင်းပေါ်တွင် ဘေးကင်းလုံခြုံစေရေးအတွက် လူတိုင်းတွင် တာဝန်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့ပြီး အရေးအကြီးဆုံးအချက်မှာ အပြန်အလှန်ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# ဘူဂေးရီးယားနိုင်ငံအနီး၌ ကုန်တင်သင်္ဘောတစ်စင်း ဒရုန်းများဖြင့် တိုက်ခိုက်ခံရ

**ဆိုဖီယာ အောက်တိုဘာ ၂၈**

ဘူဂေးရီးယားနိုင်ငံ ကမ်းရိုးတန်းမှ အရှေ့ဘက် ရေမိုင် ၂၁ မိုင်အကွာ ကာလီယာကရာအငူအနီး ပင်လယ်နက်တွင် ကုန်တင်သင်္ဘောတစ်စင်းသည် ပင်လယ်ပြင်သုံး ဒရုန်းသုံးစင်းဖြင့် တိုက်ခိုက်ခံခဲ့ရကြောင်း ဘူဂေးရီးယား ကာကွယ်ရေးဝန်ကြီး ဒီမီတာ စတွိုင်းရက်နော့ဗ်က အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားသည်။

အဆိုပါသင်္ဘော မီးလောင်ခဲ့ကြောင်း အနီးဝန်းကျင်ရှိ ငါးဖမ်းသမားများက ပြောကြားသည်။ သင်္ဘော၏ ညာဘက်ခြမ်းတွင် ပြင်းထန်စွာ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း maritime. bg ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဘူဂေးရီးယား၊ ရိုမေးနီးယားနှင့် တူကီယဲနိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများသည် ပင်လယ်နက်ဒေသ လုံခြုံရေးဆိုင်ရာ ဆွေးနွေးရန် ဘူဂေးရီးယားနိုင်ငံမြို့တော် ဆိုဖီယာ၌ စုဝေးနေကြစဉ် ယခုကဲ့သို့ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# နီပေါ၌ ဆိုင်ကလုန်းမုန်တိုင်းကြောင့် တောင်တက်ခရီးစဉ်များ ဆိုင်းငံ့ထားရန် တိုက်တွန်း

**ခတ္တမန္ဒူ အောက်တိုဘာ ၂၈**

ဘင်္ဂလားပင်လယ်အော်တွင် ဆိုင်ကလုန်းမုန်တိုင်း အာနာဘ် အားကောင်းလာသောကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ဆီးနှင်းများ ထူထပ်စွာကျဆင်းနိုင်သည့်အတွက် မြင့်မားသော တောင်ကုန်းတောင်တန်းများနှင့် ဟိမဝန္တာတောင်တန်းဝန်းကျင်ဒေသများသို့ သွားရောက်မည့် တောင်တက်ခရီးစဉ်များကို ခေတ္တဆိုင်းငံ့ထားကြရန် နီပေါ လူဝင်မှုကြီးကြပ်ရေးဌာနက တောင်တက်သမားများအား တိုက်တွန်းထားသည်။

နီပေါနိုင်ငံတစ်ဝန်းရှိ ပြည်နယ်အများအပြားတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး တောင်တန်းဒေသများနှင့် ဟိမဝန္တာတောင်တန်း ဝန်းကျင်ဒေသများတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနိုင်ကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မိုးလေဝသခန့်မှန်းချက်များအရ အောက်တိုဘာ ၂၉ ရက်မှစ၍ သုံးရက်အတွင်း မြင့်မားသော တောင်ကုန်းတောင်တန်းများနှင့် ဟိမဝန္တာတောင်တန်းဝန်းကျင်ဒေသများသို့ သွားရောက်ရန် ခွင့်ပြုချက်ရရှိထားသော တောင်တက်သမားများအနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို အနည်းဆုံးဖြစ်စေရန် တောင်တက်ခရီးစဉ်များကို ရွှေ့ဆိုင်းထားရန် မေတ္တာရပ်ခံထားသည်။

ထို့အပြင် တောင်တက်ခရီးစဉ်များ စတင်ထွက်ခွာပြီးဖြစ်သော တောင်တက်သမားများကိုလည်း ယင်းကာလအတွင်း ဘေးကင်းလုံခြုံသည့် နေရာများ၌ ဆက်လက်နေထိုင်ကြရန် တိုက်တွန်းထားသည်။

နီပေါနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ ဆိုင်ကလုန်းမုန်တိုင်းသည် အောက်တိုဘာ ၂၈ ရက်တွင် အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိပြီး အောက်တိုဘာ ၂၉ ရက် ညပိုင်းမှစ၍ နီပေါနိုင်ငံ၌ မုန်တိုင်း၏ သက်ရောက်မှုများကို ခံစားရဖွယ်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ရထားတိုက်မှုဖြစ်ပွားပြီးနောက် မက်ဒရစ်၌ အဝလွန်ခြင်းဆိုင်ရာ ထိပ်သီးအစည်းအဝေးကို WHO ရွှေ့ဆိုင်း

**မက်ဒရစ် အောက်တိုဘာ ၂၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် စပိန်နိုင်ငံအလယ်ပိုင်း၌ မြန်နှုန်းမြင့်ရထားနှစ်စင်း တိုက်မိမှုကြောင့် လူဒါဇင်နှင့်ချီ သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် မက်ဒရစ်မြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အဝလွန်ခြင်းဆိုင်ရာ ထိပ်သီးအစည်းအဝေး၏တစ်စိတ်တစ်ပိုင်းအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပရန် စီစဉ်ထားသည့် အစည်းအဝေးတစ်ရပ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

WHO နှင့် စပိန်ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးတွဲဦးဆောင်ကျင်းပသည့် အဆိုပါထိပ်သီးအစည်းအဝေးကို အောက်တိုဘာ ၂၆ ရက်တွင် စတင်ခဲ့ပြီး မက်ဒရစ်မြို့ရှိ ကျန်းမာရေးဝန်ကြီးဌာနရုံးချုပ်၌ အစည်းအဝေးတစ်ရပ် ကျင်းပကာ ပိတ်သိမ်းရန် စီစဉ်ထားခြင်းဖြစ်သည်။

စပိန်ကျန်းမာရေးဝန်ကြီး မိုနီကာဂါစီယာက မက်ဒရစ်မြို့၏ တောင်ဘက် ကီလိုမီတာ ၁၂၀ ခန့်အကွာ တိုလီဒိုပြည်နယ် အာဒါဒေသအနီးတွင် ဖြစ်ပွားခဲ့သည့် ရထားတိုက်မှုကို ဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ခုအဖြစ် ပြောကြားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများကို ကူညီနိုင်ရေးအတွက် သွေးလှူဒါန်းကြရန် တိုက်တွန်းထားသည်။

WHO ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဟာနွန် ဂါဘရီယက်ဆုစ်ကလည်း အဆိုပါဖြစ်ရပ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် အထူးဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် သေဆုံးသူများ၊ ၎င်းတို့၏ မိသားစုဝင်များ၊ အစိုးရနှင့် စပိန်ပြည်သူများအပေါ် ထောက်ထားစာနာသည့်အနေဖြင့် အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပရန် စီစဉ်ထားသည့် အစည်းအဝေးကို ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြောင်းနှင့် အစည်းအဝေးကျင်းပမည့် ရက်အသစ်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း တက်ဒရို့စ်က ပြောကြားသည်။

**ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ လေးဦး ထပ်မံတွေ့ရှိ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၈**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပတ်ထွန်ခွာပြည်နယ်၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ နောက်ထပ်လေးဦးကို တွေ့ရှိခဲ့ပြီးနောက် ပြည်နယ်အတွင်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၈ ဦးအထိ ရှိလာကြောင်း ပြည်နယ်ကျန်းမာရေးဌာနက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားသည်။ ပြည်နယ်မြို့တော် ပက်ရှ်ဝါတွင် ကူးစက်ခံရသူ အများဆုံးဖြစ်ပြီး မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ငါးဦးရှိကာ သေဆုံးသူ တစ်ဦးရှိကြောင်း ကျန်းမာရေးဌာနက ပြောကြားသည်။

**ဆင်ဟွာ**

*❂ ကျောဖုံးမှ*

ထိုသို့ ကျင်းပပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများမှာ AA အဖွဲ့ဝင်များဖြစ်သော ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်မှ အမျိုးသား ငါးဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ အမျိုးသား ခုနစ်ဦး၊ ပေါက်တောမြို့နယ်မှ အမျိုးသား တစ်ဦး၊ မြောက်ဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ မင်းပြားမြို့နယ်မှ အမျိုးသား တစ်ဦး၊ AA အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး၊ PDF အဖွဲ့ဝင်များဖြစ်သော ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့မှ အမျိုးသား ခြောက်ဦး၊ ကြံခင်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်တုန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်မှ အမျိုးသား တစ်ဦး၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်မှ အမျိုးသား တစ်ဦး စုစုပေါင်း PDF အဖွဲ့ဝင် ၁၂ ဦးနှင့် PLF အဖွဲ့ဝင်ဖြစ်သော ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ အမျိုးသား တစ်ဦး စုစုပေါင်း ၂၈ ဦးတို့ဖြစ်ကြောင်း သိရှိရသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေး အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် အမ်အေ-၁ သုံးလက်၊ အမ်အေ-၃ တစ်လက်၊ အမ်-၂၂ တစ်လက်၊ အမ်အေ-၁၁ တစ်လက်၊ Type -81 တစ်လက်၊ ပါရီအမျိုးအစား မောင်းပြန်ရိုင်ဖယ် သုံးလက်၊ ကျည်အိမ်မျိုးစုံ ၁၁ ခု၊ ကျည်မျိုးစုံ ၁၉၁ တောင့်တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ အတွက် မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်လျှင် ဆုကြေးငွေ ကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ် ၁၀ လက်အတွက် ကျပ်သိန်း ၅၀၀ နှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးလျှင် သုံးသိန်းကျပ်နှုန်းဖြင့် ၂၈ ဦးအတွက် ၈၄ သိန်းကျပ် စုစုပေါင်းချီးမြှင့်ငွေကျပ်သိန်း ၅၈၄ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများ ကိုယ်စားအုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်း ခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

**အလင်းဝင်(၁)**



ကျွန်တော် ၂၀၂၄ ခုနှစ်၊ ၈ လပိုင်း ၁၅ ရက်နေ့မှာ ရွာကိုစောကရင်ဆိုတဲ့ တပ်ခွဲမှူး ဝင်လာပါတယ်။ ဝင်ပြီးတော့ တစ်အိမ်တစ်ယောက် မဲနှိုက်ခိုင်းပါတယ်။ မဲနှိုက်တော့ မနှိုက်ဘူးလို့ပြောတဲ့အခါကျတော့ တစ်အိမ်တစ်ယောက် ဖမ်းဆီးခေါ်သွားပါတယ်။ ပြီးတော့ ကျွန်တော်တို့ကို ကားပေါ်တင်ပြီးတော့ ရင်း (၉)ကို ပို့ပါတယ်။ ရင်း(၉)မှာ သင်တန်းသုံးလ တက်ပါတယ်။ အလုပ်ကပြီးရင် ကျွန်တော်တို့ သင်တန်းနောက်ထပ် ထပ်တက်ပါတယ်။ တက်တဲ့အချိန်မှာ ကျွန်တော်တို့ကို သင်တန်းသားရိုက်နည်းရိုက်တာ မဟုတ်ပါဘူး။ သူ့ရဲ့စိတ်မှာ ရဲဘော်တစ်ယောက်ရိုက်သလို ရိုက်တာ မဟုတ်ပါဘူး။ နင်းကန်နှိပ်စက်နေတာပါ။ ကျွန်တော်တို့ သင်တန်း သုံးလမှာ လက်နက်ငယ်သင်တန်း၊ တိုက်ခိုက်ရေးသင်တန်း၊ ပြီးရင် ကုန်းထိုး ကျားထိုးတာတွေ သင်ပေးတယ်။ ပြီးရင် ခြံစည်းရိုးဖြတ်တဲ့နည်းတွေ အဲဒါမျိုးတွေ ကျွန်တော်တို့ကို သင်ပေးပါတယ်။ ကျွန်တော် သင်တန်းဆင်းပြီးတော့ ကျွန်တော်တို့ ရောဝတီရိုးမစစ်ကြောင်း တပ်ရင်း ၃ ကို ကျွန်တော်တို့ကို ပို့ပါတယ်။ တိုက်တဲ့အချိန်မှာ PDF နှစ်ဦး ကျဆုံးခဲ့ပါတယ်။ ယုံကြည်ချက်မရှိဘဲ ကျွန်တော်အဲဒီထဲ ရောက်သွားတာပါ။ ပြေးခဲ့တဲ့အချိန်မှာ ကျွန်တော်တို့ ညောင်အိုင်ရွာကနေပြီးတော့ ကွင်းကလေးကို ပြေးပါတယ်။ ပြေးတဲ့အချိန်မှာ ကျွန်တော်တို့ကို ကွင်းကလေးရွာထိပ်ကနေ ပြန်ဖမ်းပါတယ်။ ဖမ်းပြီးတော့ ကျွန်တော်တို့ကို ၁၅ ရက် ခြောက်ပေါက်ချပါတယ်။ လက်နက်ခဲယမ်းတွေလည်း သိမ်းသွားပါတယ်။ ထပ်ပြေးလည်းပြေးရော ကျွန်တော်တို့ တပ်မတော်အဖွဲ့တွေနဲ့ တွေ့ပါတယ်။ တပ်မတော်နဲ့ ချိတ်ဆက်ပြီး တပ်မတော်အဖွဲ့တွေကလည်း ပုသိမ်ဘက်ကို ကျွန်တော်တို့ကို ပို့လိုက်ပါတယ်။ တပ်မတော်ထံ အလင်းဝင်တော့ ကျွန်တော်တို့ကို ရိုက်လည်းမရိုက်၊ ပုတ်လည်းမပုတ်ပါဘူး။ ကျွန်တော်တို့ တပ်မတော်အဖွဲ့ထဲကို အလင်းဝင်မယ်ဆိုရင် PDF သူပုန်တွေက ကျွန်တော်တို့ကို ပြောပါတယ်။ မင်းတို့ တပ်မတော်ထဲဝင်ရင် သတ်မှာ ဖြတ်မှာ မင်းတို့ကို အရှင်မထားဘူး။ မင်းတို့ကို သတ်ပြီးတော့ ရေထဲမျှောပစ်မှာလို့ ပြောပါတယ်။ ကျွန်တော်တို့ အလင်းဝင်တဲ့အခါကျတော့ တပ်မတော်က ကောင်းမွန်စွာ ကျွေးပါတယ်။ ဒီက အရာရှိတွေကလည်း မနက်စာကို ထမင်းကြော်ရယ်၊ လက်ဖက်ရည်ရယ် တိုက်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်ရောက်လာတဲ့ သူတွေကို တပ်မတော်မှာရှိတဲ့ တာဝန်ရှိသူတွေနဲ့ အစိုးရတာဝန်ရှိသူတွေက အခမ်းအနားနဲ့ ကြိုဆိုခဲ့ပါတယ်။ ပြီးရင် ကျွန်တော်တို့ကို ထောက်ပံ့ကြေးငွေတွေလည်း ပေးခဲ့ပါတယ်။ မိသားစုနဲ့ ပြန်ဆုံခွင့်ရအောင် လုပ်ခဲ့ပေးထားတဲ့ တပ်မတော်မှာရှိတဲ့ တာဝန်ရှိသူတွေကိုလည်း ကျွန်တော်တို့ အလင်းဝင် ညီအစ်ကိုတွေက အထူးပဲကျေးဇူးတင်ရှိပါတယ်။ PDF အကြမ်းဖက်အဖွဲ့ထဲမှာရှိတဲ့ သူငယ်ချင်းတွေ အကုန်လုံးကို ကျွန်တော်က ဒီကပဲ ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်တော်တို့ဒီမှာထားတာ နွေးနွေးထွေးထွေး ကြိုဆိုတယ်။ ဟိုဘက်မှာနေရတာက ချုံကြိုချုံကြား၊ မြောင်းကြိုမြောင်းကြားမှာ အိပ်နေရတဲ့ သူငယ်ချင်းအပေါင်းတို့ကို ဒီကပဲ ခေါ်ချင်ပါတယ်။ တပ်မတော်ကလည်း နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ တကယ်လို့လာချင်ခဲ့သည်ဖြစ်ရင် တပ်မတော်ကို အချိတ်အဆက်လုပ်ပြီးတော့ အလင်းဝင်လာခဲ့ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

**အလင်းဝင် (၂)**



ကျွန်တော် AA ထဲကိုရောက်သွားတဲ့ အကြောင်းရင်းကတော့ ကျွန်တော့်ကို ကျွန်တော်နေတဲ့ ရပ်/ရွာမှာ လာပြီးတော့ စစ်မှုထမ်းဖို့၊ မင်း ငါတို့နဲ့ သင်တန်းတက်ဖို့ ဒီတစ်ခေါက်မှာ လိုက်ခဲ့ပေါ့၊ ကျွန်တော့်ကို ခေါ်သွားတယ်။ ဒီတစ်ခေါက်မှာ မင်းလိုက်ရင် လိုက်၊ မလိုက်လို့ရှိရင် နောက်တစ်ခါဆိုလည်း မင်းတို့တွေ မဖြစ်မနေ ဒီထဲကို ဝင်ရမှာပဲဆိုပြီးတော့၊ ငါခေါ်တဲ့ ဒီတစ်ခေါက်မှာ လိုက်ရင်လိုက် မလိုက်လို့ရှိရင် နောက်တစ်ခေါက်ကျလို့ရှိရင် မင်းအိမ်ကိုလည်း ပြန်လာရမှာမဟုတ်ဘူး။ ငါ ဒီတစ်ခေါက်ခေါ်တယ်ဆိုတာ မင်းတို့ကို စေတနာရှိလို့ခေါ်တာ။ အဲဒီလိုမျိုး ပြောပြီးတော့ ကျွန်တော့်ကို ခေါ်သွားတယ်။ အလင်းသာကို ပို့တယ်။ အလင်းသာ တောကျောင်းဆိုတဲ့နေရာမှာ ကျွန်တော် သင်တန်းကျောင်းတက်ရတယ်။ ကျွန်တော်တို့ ရဲဘော်တွေပဲ ရှေ့တန်းမှာ နေရတယ်။ သူတို့ကတော့ နောက်ကနေနေတယ်။ ကျွန်တော်တို့ကတော့ ရှေ့မှာ တိုက်ရတာပေါ့။ အသေခံပြီးတော့ ကုန်းတစ်ကုန်းထိုးလို့နိုင်သွားရင်ကောင်းတယ်။ မနိုင်ဘဲနဲ့ ပြန်ဆုတ်သွားရင်လည်း နောက်က တပ်ခွဲမှူးဆိုတဲ့လူက သေနတ်ကို မောင်းတင်ပြီး စောင့်နေတယ်။ မင်းတို့ လုံးဝ ဆုတ်မိန့်မရှိဘဲနဲ့ လုံးဝမဆုတ်ရဘူး။ အဲဒီတော့ ကျွန်တော်တို့ထဲကပဲ သူငယ်ချင်းတစ်ယောက်နဲ့တွေ့ပြီး အဲဒီသူငယ်ချင်းနဲ့ ကျွန်တော် တိုင်ပင်တယ်။ ငါတို့ ဒီထဲမှာ ရှေ့ဆက်ပြီးနေလို့ရှိရင် ဘာမှအကျိုးမရှိ ငါတို့အသက်တွေ ဆုံးရှုံးသွားတာပဲရှိမယ်။ ကျွန်တော်တို့ နှစ်ယောက်ထွက်ပြေးဖို့ တိုင်ပင်ကြပါတယ်။ တိုင်ပင်ပြီးတော့ ကျွန်တော်တို့နှစ်ယောက် ထွက်ပြေးလာတယ်။ ရဲစခန်းကို ကျွန်တော်တို့ အဆက်အသွယ်လုပ်တယ်။ ရဲစခန်းက ရဲတွေလာပြီးတော့ ကျွန်တော်တို့ကို ခေါ်တယ်။ ကျွန်တော်တို့ကို ပုသိမ်ပို့တယ်။ ပုသိမ်ပို့ပေးတဲ့ အချိန်မှာလည်း ပုသိမ်ရောက်တာနဲ့ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးပဲကြိုဆိုကြပါတယ်။ နွေးနွေးထွေးထွေး ကြိုဆိုတဲ့အပြင် ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန်ပဲ ထားပါတယ်။ ကျွန်တော်တို့ အလင်းဝင်လာတဲ့လူတွေကို နိုင်ငံတော်နဲ့ တပ်မတော်က တာဝန်ရှိသူတွေက ကျွန်တော်တို့ကို အခမ်းအနားကြီးတွေနဲ့ လုပ်ပေးတယ်။ ပြီးလို့ရှိရင် ထောက်ပံ့ကြေးငွေဆိုလည်း ပေးပါတယ်။ ပြီးလို့ရှိရင် မိဘတွေနဲ့ ကွဲကွာနေတဲ့ လူတွေကိုလည်း အဆက်အသွယ်ရအောင် လုပ်ပေးတယ်။ နိုင်ငံနဲ့ တပ်မတော်မှာ တာဝန်ရှိတဲ့လူတွေ အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လိုပဲ အလင်းလာဝင်ကြပါ။ ကိုယ့်ဘဝခံယူချက် ဘာမှမရှိဘဲနဲ့ အဲဒီမှာ ဆက်ပြီးတော့ မနေကြပါနဲ့၊ ကျွန်တော် အားလုံးကို ဖိတ်ခေါ်ပါတယ်။ **သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူခြင်းမှသည် ပျော်ရွှင်လှပ လူမှုဘဝများဆီသို့ (၅)

**သောင်းသိန်းမြတ်(မွေး/ကု)**

"ဗျို့ ကိုထွန်းမောင်ကြီး ကြိုးစားလှချည်လားဗျ။ ကြည့်စမ်းပါဦး၊ မွေးထားတဲ့ ဆိတ်ကလေးတွေက လည်း လှမှလှ။ ဆိတ်ကလေးတွေရဲ့ ကျန်းမာရေး ကလည်းကောင်း၊ ဆိတ်မကြီးတွေကလည်း မြန်မာ့ ရာသီဥတုနဲ့ ကိုက်ညီမှုရှိတဲ့ ဆိတ်မျိုးတွေပါလား။ ကောင်းပါလေ့ဗျာ။ အခုလိုသာ စည်းကမ်းနည်းလမ်း အမှန်နဲ့ မွေးမြူသွားမယ်ဆိုရင် ကိုထွန်းမောင်ကြီးရဲ့ ဆိတ်မွေးမြူရေးလုပ်ငန်းဟာ တိုးတက်အောင်မြင် ပြီး အကျိုးအမြတ်ဖြစ်ထွန်းမှာ ဧကန်မလွဲပါပဲ"

"ကျေးဇူးတင်ပါတယ်။ အခုလိုမွေးမြူဖို့ ဖြစ်လာ တဲ့ အခြေအနေက "မြေစမ်း ခရမ်းပျိုး" ဆိုသလိုမျိုး မဟုတ်ဘဲ တတ်သိနားလည်တဲ့ ဒေါက်တာကြီး တို့လို ဆရာသမားတွေဆီက နည်းနာနိသယနဲ့ လမ်းညွှန်မှုခံယူပြီး စနစ်တကျ လိုက်နာမွေးမြူခဲ့ တာဆိုတော့ မဆုတ်မနစ်သောဇွဲလုံ့လနဲ့ အောင်မြင် အောင် ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားဖို့ ရည်မှန်း ချက် ချထားပြီးဖြစ်ပါတယ်။ ဒါနဲ့ ဒေါက်တာကြီး ဘယ်ကလှည့်ဝင်လာတာပါလဲခင်ဗျာ"

"အချိန်အားလေးရနေတာနဲ့ ကိုထွန်းမောင်ကြီး ဆီကို သက်သက်ထွက်လာခဲ့တာပါပဲ။ ပြီးခဲ့တဲ့ အပတ်က ဆွေးနွေးပြောပြပေးဖို့ကျန်ခဲ့တဲ့ ဆိတ်တွေ ကို အမှတ်အသားပြုလုပ်ခြင်းနဲ့ မှတ်ပုံတင်ထားရှိ ခြင်းဆိုတဲ့အချက်ရယ်၊ ဆိတ်မွေးမြူရေးအတွက် လိုအပ်မယ်ထင်တဲ့ အကျိုးဖြစ်ထွန်းနိုင်မယ့် အချက် ကလေးတွေ ဖြည့်စွက်ဆွေးနွေးပေးချင်လို့ပါ။ လိုက်နာမှတ်သားထားဖို့သာ ပြင်ပေတော့ဗျို့။

"ဆိတ်တွေကို အမှတ်အသားပြုလုပ်ခြင်းနဲ့ မှတ်ပုံတင်ထားရှိခြင်း ဆောင်ရွက်တဲ့အခါမှာ မွေးမြူ ရေးသမားတွေအဖို့ တိရစ္ဆာန်တစ်ကောင်ချင်းစီရဲ့ ဓလေ့စရိုက်၊ ကျန်းမာရေးအခြေအနေ၊ ကာကွယ် ဆေးထိုးမှု၊ ဆေးကုသမှုနဲ့ ထုတ်လုပ်မှု (နို့၊ အသား) တွေကို စနစ်တကျ မှတ်တမ်းတင်ထားရှိဖို့အတွက် အမှတ်အသားကို ပြုလုပ်ပေးလေ့ရှိကြတယ်။ တကယ်လို့ တိရစ္ဆာန်ပျောက်ဆုံးသွားရင်လည်း အမှတ်အသားမှတ်သားထားလို့ ရှာဖွေဖို့ လွယ်ကူ ပြီး မိမိတိရစ္ဆာန်ရဲ့ အမှတ်အသားကို ကြည့်ရှုရှာဖွေ နိုင်မှာဖြစ်တယ်။ အမှတ်အသား မှတ်သားရာမှာ ရှေးအခါက သမားရိုးကျနည်းလမ်းတွေဖြစ်တဲ့ တိရစ္ဆာန်ရဲ့ နားရွက်/ လက် သို့မဟုတ် တင်ပါးတွေ မှာ သံပူကပ်ခြင်း၊ နားရွက်ကို ဓားနဲ့ထစ်ပြီး မှတ်သား ခြင်း၊ ဆေးမင် ထိုးခြင်းတွေ ပြုလုပ်ပြီး မှတ်သားလေ့ ရှိကြတယ်။ ဒီနေ့ မျက်မှောက်ခေတ်မှာတော့ Ear Tag (နားရွက်နံပါတ်တပ်ဆင်ခြင်း)နဲ့ မွေးမြူရေး တိရစ္ဆာန်တွေရဲ့ နားမှာ တပ်ဆင်မှတ်သားကြတယ်။ Ear Tag အသုံးပြုခြင်းအားဖြင့်

- တိရစ္ဆာန်တစ်ကောင်ချင်းစီ ခွဲခြားသိရှိနိုင် တယ်။ ဥပမာ– Ear Tag ပေါ်မှာ နံပါတ်၊ အက္ခရာ (သို့မဟုတ်) ID ကုတ် ပါတတ်ပါတယ် (ဥပမာ– MM00123)
- တိရစ္ဆာန်တစ်ကောင်ချင်းစီရဲ့ မွေးမြူရေး မှတ်တမ်းထားရှိပြီး မွေးသက္ကရာဇ်၊ မိဘ တိရစ္ဆာန်မျိုးရိုး၊ မျိုးစိတ်၊ ကာကွယ်ဆေးထိုး မှတ်တမ်း၊ အလေးချိန်/ ကြီးထွားမှု၊ ရောဂါ မှတ်တမ်း စတာတွေကို ID နဲ့ ချိတ်ဆက်ထား နိုင်ပါတယ်။
- ပိုင်ရှင်နဲ့တိရစ္ဆာန်ကို ပြန်လည်ခွဲခြားဖို့အတွက် တိရစ္ဆာန် မွေးမြူရေးခြံတွေမှာ အထူးအသုံး ဝင်တဲ့ အမှတ်အသားပြုလုပ်ခြင်းပဲဖြစ်ပါတယ်။

"ဆိတ်မွေးမြူရေးခြံကြီးအတွက် Ear Tag တပ်ဆင်ခြင်းဟာ များစွာအကျိုးကျေးဇူးရရှိစေမှာ ဖြစ်တယ်။ ဆိတ် ၁၀ ကောင်၊ ၅၀၊ ၁၀၀၊ ၁၀၀၀ လောက် ရှိလာတယ်ဆိုရင် တစ်ကောင်ချင်းစီရဲ့ မျက်နှာကို မှတ်မိဖို့ ခက်ခဲမှာဖြစ်ပါတယ်။ အဲဒီလို မဖြစ်အောင် Ear Tag ကို တပ်ဆင်အသုံးပြုရပါမယ်။ Ear Tag သုံးထားခြင်းအားဖြင့် ဒီဆိတ်ရဲ့ မွေးမြူရေး မှတ်တမ်းကို ID အရ ချက်ချင်းသိရှိနိုင်မှာ ဖြစ်ပါ တယ်။ အတိုချုပ်ပြောရရင်တော့ Ear Tag က ဆိတ်တစ်ကောင်ချင်းစီရဲ့ မှတ်ပုံတင်လို့ပဲ မှတ်သား ထားစေချင်ပါတယ်။

"ဆက်လက်ပြီး နို့စားဆိတ်နဲ့ အသားဆိတ်တို့ရဲ့ အကြောင်း ပြောပြပေးဦးမယ်။ ဆိတ်မတစ်ကောင် ဟာ ခန္ဓာကိုယ်သေးငယ်ပေမယ့် နို့ထွက်ကောင်းနေ တယ်၊ နွားမနဲ့ နှိုင်းယှဉ်တဲ့အခါ အစာအနည်းငယ်သာ ကျွေးရပြီးတော့ တန်ဖိုးရှိတဲ့နို့ကို ပေးစွမ်းနိုင်တာ ကြောင့် နို့စားဆိတ်မျိုးတွေကိုလည်း စနစ်တကျ ရွေးချယ်ပြီး မွေးမြူသင့်ပါတယ်။ ဒါ့အပြင် ဆိတ်သား ဟာ နူးညံ့ခြင်း၊ အရသာရှိခြင်းတွေကြောင့် အသား ကဏ္ဍဖူလုံရေးအတွက် ဈေးကွက်ဝင်အသားတစ်ခု ဖြစ်တာမို့ မွေးမြူသူတွေအနေနဲ့ မွေးမြူမယ့် ရည်ရွယ်ချက်အပေါ်မူတည်ပြီး စနစ်တကျ ရွေးချယ် မွေးမြူသင့်ပါတယ်။

(က) **နို့စားဆိတ်။** နို့စားဆိတ်မျိုးများစွာ ရှိပါ တယ်။ ဂျနာပါရီ၊ ဆျူဘီယံ၊ ဆာနန်နဲ့ အယ်လ်ပိုင်း မျိုးတွေဖြစ်ကြတယ်။ နို့စား ဆိတ်တွေမှာ အခုပြောမယ့် အရည်အချင်း သတ်မှတ်ချက်တွေ ပြည့်စုံဖို့လိုအပ် တယ်။ နို့စားဆိတ်တစ်ကောင်ဟာ နဖူး ကျယ်ပြီးတော့ နှုတ်သီးချွန်ရမယ်၊ မျက်နှာ ရှည်ပြီးတော့ ဦးချိုများ သေးသွယ်ချွန် ထက်တဲ့ လက္ခဏာရှိတယ်၊ မျက်လုံးပြူး ပြီး အရောင်တောက်ကာ သွက်လက် ဖျတ်လတ်တဲ့ ဟန်အမူအရာရှိတယ်၊ ကိုယ်လုံးရှည်လျားပြီး ရင်ခေါင်းချိုင့်ဝှမ်း သွယ်ရမယ်၊ နို့ထွက်ကောင်းတဲ့ ဆိတ်မရဲ့ နို့အုံဟာကြီးမားရုံသာမက နူးညံ့ပျော့ပျောင်းမှုရှိရမယ်၊ နို့အုံရဲ့ အရေခွံပါးရမယ်၊ နို့တံတွေဟာ အရွယ် အစားညီ၊ သေးသွယ်ပြီး တစ်ခုနဲ့တစ်ခု သင့်တင့်တဲ့ အနေအထားကွာဝေးမှု ရှိခြင်းတွေပဲ ဖြစ်တယ်။

(ခ) **အသားစားဆိတ်။** ဆိတ်တိုင်း အသားစား လို့ရပေမယ့် အသားစားဆိတ်ဆိုတာ အသားတိုးနှုန်းကောင်းခြင်း၊ အသား နူးညံ့ခြင်း၊ အရသာရှိခြင်း စတဲ့အရည် အချင်းတွေနဲ့ ပြည့်စုံဖို့လိုအပ်တယ်။ အသားစားဆိတ်မျိုးအဖြစ် ဘိုအာမျိုးနဲ့ စပိန်မျိုးတွေကို အသုံးပြုလေ့ရှိကြတယ်။ အသားစားဆိတ်တွေဟာ အကောင်ကြီး ခြင်း၊ ရင်အုပ်ကျယ်ခြင်း၊ အသားတိုးနှုန်းနဲ့ ကြီးထွားနှုန်းမြန်ခြင်း၊ သားပေါက်နှုန်း ကောင်းခြင်း၊ အသားထွက်နှုန်းဟာ အသက်ရှင်စဉ် အလေးချိန်ရဲ့ ၄၅ ရာခိုင် နှုန်းမှ ၆၂ ရာခိုင်နှုန်းရှိခြင်း၊ နို့ထွက် ကောင်းခြင်း စတဲ့လက္ခဏာတွေရှိဖို့ လိုအပ်တယ်။ ဒါမှသာ ပေါက်ဖွားလာမယ့် ဆိတ်ငယ်လေးများ လျင်မြန်စွာ ကြီးထွား နိုင်မှာပဲ ဖြစ်ပါတယ်။

"အချုပ်အားဖြင့် ပြောရမယ်ဆိုရင်တော့ ဆိတ် မွေးမြူရေးလုပ်ငန်းဟာ တိရစ္ဆာန်တွေကို စနစ်တကျ အမှတ်အသား နံပါတ်ပြားကပ်၊ တစ်ကောင်ချင်းစီရဲ့ မျိုးရိုးဗီဇ၊ ထုတ်လုပ်မှု အရည်အသွေးတွေကို မှတ်တမ်းတင်ထားရှိပြီး မျိုးရိုးဗီဇတိုးတက်ဖို့ အတွက် စည်းစနစ်ကျနစွာ သားစပ်မွေးမြူသင့်ပါ တယ်။ အထူးသဖြင့် မျိုးရိုးဗီဇအရ ကြီးထွားနှုန်းမြန်၊ အသားထုတ်လုပ်မှု ပိုမိုရရှိနိုင်တဲ့ အထီးနဲ့အမစပ်ပြီး ပေါက်ဖွားလာတဲ့ ဆိတ်ငယ်လေးတွေကို မွေးမြူခြင်း ဖြင့် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းရရှိစေနိုင်မှာ ဖြစ်တယ်။ ဒါကြောင့် မွေးမြူရေးသမားတွေအနေနဲ့ မွေးမြူရေးခြံ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက် မျိုးရိုးညံ့ တဲ့ တိရစ္ဆာန်အထီး/ အမတွေကို ဖယ်ရှားပစ်ခြင်း၊ မျိုးကောင်းတဲ့ တိရစ္ဆာန်တွေကိုသာ သားစပ်စေခြင်း၊ မျိုးနီးသားစပ်မှု မပြုလုပ်ခြင်း (၃–၄) နှစ်တစ်ကြိမ် မျိုးဆိတ်သိုး လဲလှယ်ပေးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မား တဲ့ ဆိတ်မွေးမြူရေးခြံဖြစ်လာနိုင်မယ့် အကြောင်း တရားတွေပဲဖြစ်တယ် ကိုထွန်းမောင်ကြီးရေ"

"ဟုတ်ကဲ့ပါဗျာ။ ဆိတ်မွေးမြူရေးနဲ့ပတ်သက်လို့ အခုလို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးရှင်းပြပေးလို့ ကျေးဇူးအထူးတင်ရှိပါတယ်။ ရွာမှာ ဆိတ်မွေးမြူရေး လုပ်ချင်တဲ့ မိသားစုတွေရှိလာရင်လည်း မှတ်သား သိရှိသမျှတွေကို ပြန်လည်မျှဝေပေးလိုက်ပါမယ်"

"သြော် ဒါနဲ့ အကြောင်းကြောင်းကြောင့် ဆိတ် တွေမှာ ရောဂါတစ်ခုခု ဖြစ်ပွားလာခဲ့ရင် မိမိဘာသာ ကျိတ်မကုဘဲ နားလည်တတ်ကျွမ်းတဲ့ နီးစပ်ရာ တိရစ္ဆာန် ဆေးကုဆရာဝန်တွေဆီ သွားရောက် အကြံဉာဏ်ရယူကုသကြဖို့ အလေးအနက်မှာချင်ပါ တယ်။ ကိုထွန်းမောင်ကြီးတို့ မိသားစုလည်း **'တစ်ပိုင် တစ်နိုင် ဆိတ်မွေးမြူခြင်းမှသည် ပျော်ရွှင်လှပ လူမှုဘဝများဆီသို့'** အောင်မြင်စွာ လျှောက်လှမ်း နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးခဲ့ ပါတယ်ဗျာ"။ ။

**"ဆိတ်မွေးမြူရေးလုပ်ငန်းဟာ တိရစ္ဆာန်တွေကို စနစ်တကျ အမှတ်အသား နံပါတ်ပြားကပ်၊ တစ်ကောင်ချင်းစီရဲ့ မျိုးရိုးဗီဇ၊ ထုတ်လုပ်မှုအရည်အသွေးတွေကို မှတ်တမ်းတင်ထားရှိပြီး မျိုးရိုးဗီဇတိုးတက်ဖို့အတွက် စည်းစနစ်ကျနစွာ သားစပ်မွေးမြူသင့် ပါတယ်။ အထူးသဖြင့် မျိုးရိုးဗီဇအရ ကြီးထွားနှုန်းမြန်၊ အသားထုတ်လုပ်မှု ပိုမိုရရှိနိုင်တဲ့ အထီးနဲ့အမစပ်ပြီး ပေါက်ဖွားလာတဲ့ ဆိတ်ငယ်လေးတွေကို မွေးမြူခြင်းဖြင့် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းရရှိစေနိုင်မှာဖြစ်တယ်။ ဒါကြောင့် မွေးမြူရေးသမားတွေအနေနဲ့ မွေးမြူရေးခြံ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက် မျိုးရိုးညံ့တဲ့ တိရစ္ဆာန်အထီး / အမတွေကို ဖယ်ရှားပစ်ခြင်း၊ မျိုးကောင်းတဲ့ တိရစ္ဆာန် တွေကိုသာ သားစပ်စေခြင်း၊ မျိုးနီးသားစပ်မှုမပြုလုပ်ခြင်း (၃-၄)နှစ်တစ်ကြိမ် မျိုးဆိတ်သိုး လဲလှယ်ပေးခြင်းဖြင့် ထုတ်လုပ်မှု မြင့်မားတဲ့ ဆိတ်မွေးမြူရေးခြံဖြစ်လာနိုင်မယ့် အကြောင်းတရားတွေပဲဖြစ်တယ်"**

## နေပြည်တော်မြို့နယ် ရိုးကြီးကျေးရွာ၌ လယ်မြေဧက ၃၀၀ ကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်မြေသားလမ်း အဆင့်မြှင့်တင်

**နေပြည်တော် အောက်တိုဘာ ၂၈** ဒေသကြီး အစိုးရရန်ပုံငွေဖြင့် ရေဝတီတိုင်းဒေသကြီး နေပြည်တော် ရိုးကြီးကျေးရွာအုပ်စု ရိုးကြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး ကျေးရွာတွင် ရိုးကြီးကျေးရွာ တိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆– ကုန်ထုတ် မြေသားလမ်းချဲ့ခြင်း၊ ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်း မြေသားတာပေါင် မြှင့်တင်ခြင်းနှင့်



Box Culvert တစ်စင်း တည် ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက် လျက်ရှိသည်။

မအူပင်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးအောင်ကျော်ဦး၊ နေပြည်တော် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၂၅ ရက်က သတ်မှတ်စံချိန်စံညွှန်း အတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရိုးကြီးကုန်ထုတ် မြေသား လမ်းချဲ့ခြင်းလုပ်ငန်းသည် အရှည် တစ်မိုင် ၁ ဒသမ ၈၉၊ အကျယ် သုံးပေ၊ ထု တစ်ပေ၊ မြေသား တာပေါင် မြှင့်တင်ခြင်း၊ အရှည် တစ်မိုင် ၁ ဒသမ ၈၉၊ အကျယ် ၁၆ ပေ၊ ထု တစ်ပေဖြစ်ကာ ကုန်ထုတ်တံတားတစ်စင်း တည် ဆောက်ခြင်းများပါဝင်ပြီး အရှည် ပေ ၁၈ ပေ၊ အကျယ် လေးပေ ကိုးလက်မ၊ အမြင့် လေးပေ ကိုးလက်မဖြင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၁၉ ဒသမ ၅၇၅ သန်းဖြင့် တည် ဆောက်ခြင်းဖြစ်သည်။

အဆိုပါ ကျေးရွာကုန်ထုတ် လမ်းလုပ်ငန်းများ ဆောင်ရွက် ပြီးစီးသွားပါက ကျေးရွာရှိလယ်ယာ လုပ်ငန်းရှင်များ၏ ကုန်ကြမ်း ထွက်ကုန်နှင့် ကုန်ချောထုတ်ကုန် များအား ဈေးကွက်အတွင်းသို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့ စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ် ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**တေဇာလင်း**

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့် ပါသည်။

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၈**

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်း ကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၂၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၃ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် ၅ ထပ်အဆောက်အအုံများအား မဖြိုချမီ တွေ့ရစဉ်။




ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် ၆ ထပ်အဆောက်အအုံအား ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှုကို အောက်တိုဘာ ၂၈ ရက်က တွေ့ရစဉ်။

---

● *ကျောဖုံးမှ*

ကစားကာ ဂိုးကန်သွင်းခွင့် အများအပြားရရှိခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံး ဟန့်တားကာကွယ်နိုင်မှုကြောင့် သွင်းဂိုးရရေး အခက်တွေ့ခဲ့ရသည်။

အာဆင်နယ် အသင်းသည် အသင်းတောင်ပံ တိုက်စစ်ကစားသမား ဒေါမန်း ပွဲချိန် ၈၅ မိနစ်တွင် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

ဖလီးဝုဒ်တောင်းအသင်းသည် လိဂ်တူးကလပ်တွင် ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသော်လည်း အီး အက်ဖ်အယ်ဖလားပြိုင်ပွဲတွင် ပရီမီယာလိဂ်ချန်ပီယံ အာဆင်နယ်အသင်းကို အံ့အားသင့်ဖွယ် အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ ပထမဆုံးအကြိမ် တက်လှမ်းပြီး သမိုင်းဝင်အောင်ပွဲတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်တွင် ဘရက်ဖို့ဒ်က ပီတာဘာရော့ကို နှစ်ဂိုးပြတ်နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်မှာ လိဂ်ဝမ်းကလပ် အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်သည့်အတွက် နောက်ဆုံးမိနစ်အထိ အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

**အောင်ဇော်**

---

❑ *ကျောဖုံးမှ*

Team ၂၉ မှတ်၊ ULAD FC နှင့် Gold Dream ၂၇ မှတ်စီ၊ JV FC ၂၀ မှတ်၊ United City ၁၈ မှတ်၊ Royal Noka ၁၅ မှတ်၊ ရွှေပြည်သာယူနိုက်တက် ၈ မှတ်၊ မင်္ဂလာဒုံစီးတီး ၃ မှတ်နှင့် Burmese Warriors အသင်းက တစ်မှတ် ရရှိထားသည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**

---

✻ *ကျောဖုံးမှ*

ညနေ ၄ နာရီတွင် MAHAR BURMA အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၄) အပြီးတွင် VICTORIA FC က ၃၇ မှတ်၊ SGF YOUTH FC က ၃၅ မှတ်၊ MAHAR BURMA ၂၈ မှတ်၊ FFU MINMAHAW က ၂၅ မှတ်၊ UNITED CITY က ၂၄ မှတ်၊ PACIFIC SUN FAR FC နှင့် AVENGERS JUNIOR က ၂၃ မှတ်၊ JULLNISS FC က ၂၀ မှတ်၊ TKA STARS FC က ၁၅ မှတ်၊ BUSHIDO FC က ၁၀ မှတ်၊ SHWE PYI THAR UTD FC က ၃ မှတ်နှင့် MAR REIN FC က ၂ မှတ် အသီးသီးရရှိထားသည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**



ပွဲစဉ်(၁၄)တွင် FFU Minmahaw FC နှင့် Mahar Burma FC အသင်း ယှဉ်ပြိုင်စဉ်။

---

■ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၅၆ မိနစ်တွင် ဆောင်းနှင်းဖွေး၊ ၈၇ မိနစ်တွင် စန္ဒာအောင်နှင့် ၉၀+၂ မိနစ်တွင် ယုယနိုင်တို့က သွင်းယူပေးခဲ့သည်။ AYA Pay Player of the Match ဆုကို ရှမ်းယူနိုက်တက်တိုက်စစ်မှူး ယုယနိုင်က ရရှိခဲ့သည်။

အပတ်စဉ် (၁၁) ပွဲစဉ်များအပြီးတွင် ISPE အသင်းက ၃၁ မှတ် ဆက်လက်ဦးဆောင်နေပြီး ရောဝတီ ၂၆ မှတ်၊ သစ္စာအားမာန်နှင့် ရန်ကုန်ယူနိုက်တက်အသင်းက ၂၂ မှတ်စီ၊ ရှမ်းယူနိုက်တက် ၂၀ မှတ်၊ ရတနာပုံ ၁၅ မှတ်၊ မြဝတီ ၉ မှတ်၊ Young Lionesses အသင်းနှင့် ဖွဲ့ကပင်ယူနိုက်တက်အသင်းက ခုနစ်မှတ်စီရရှိထားကာ ရန်ကုန်စီးတီးအသင်းက ရမှတ်မရရှိသေးပေ။ **နေမျိုး၊ ဓာတ်ပုံ-MWL**

---

▲ *ကျောဖုံးမှ*

တောင်ဒဂုံကွင်း၌ လက်ရှိ အဆင့်(၁)နေရာမှ ISPE အသင်းက FALCON FC အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အဆင့်(၂)နေရာသို့ တန်းဆင်းခဲ့ရသည်။

အမှတ်ပေးဇယား အဆင့်(၂)နေရာမှ ရန်ကုန်ယူနိုက်တက်နှင့် အဆင့်(၄)နေရာမှ ရှမ်းယူနိုက်တက်အသင်းပွဲစဉ်သည့် နှစ်သင်းစလုံး ဦးဆောင်ဂိုးရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၅၃ မိနစ်တွင် အောင်မျိုးမင်းက သွင်းယူပေးခဲ့သည်။ AYA Pay Player Of The Match ဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် ရန်ကုန်ယူနိုက်တက် ကွင်းလယ်လူ အောင်မျိုးမင်းက ရရှိခဲ့သည်။

တောင်ဒဂုံကွင်း၌ FALCON FC အသင်းအတွက် အနိုင်ဂိုးများကို ပွဲအစ ၁ မိနစ်တွင် ညီညီသန့်၊ ၄၃ မိနစ်တွင် ကောင်းခန့်၊ ၅၄ မိနစ်တွင် စိုင်းမြတ်မင်းတို့က သွင်းယူပေးခဲ့သည်။ ISPE အသင်းအတွက် ချေပဂိုးများကို ပွဲချိန် ၄၅ မိနစ်တွင် ဇေယျာဦးနှင့် ပွဲပြီးခါနီး မိနစ် ၉၀ တွင် ကောင်းခန့်ကျော်(ပယ်နယ်တီ)တို့က သွင်းယူပေးခဲ့သည်။ AYA Pay Player of the Match ဆုကို Falcon အသင်းမှ ဝင်းမင်းသန့်က ရရှိခဲ့သည်။

အပတ်စဉ်(၂၁) နောက်ဆုံးပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၉ ရက်တွင် ဗဟန်းကွင်း၌ ရောဝတီယူနိုက်တက်နှင့် ရတနာပုံအသင်း၊ သီဟဒီပကွင်း၌ မြဝတီအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-ML**

---

## ရေချွေတာရေး နည်းလမ်းများ

- ❑ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❑ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❑ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❑ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❑ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## မိုင်းယောင်းမြို့၌ တစ်နှစ်လျှင် တစ်ရက်သာကျင်းပသည့် နတ်ပွဲ(ခေါ်) နတ်ဈေးနေ့တွင် လာရောက်လည်ပတ်သူများဖြင့် စည်ကား

**မိုင်းယောင်း အောက်တိုဘာ ၂၈**

မိုင်းယောင်းမြို့၌ အောက်တိုဘာ ၂၈ ရက်က တစ်နှစ်လျှင် တစ်ရက်သာကျင်းပသည့် နတ်ပွဲ(ခေါ်)နတ်ဈေးနေ့တွင် ဒေသနေတိုင်းရင်းသားများနှင့် ရပ်ဝေးရပ်နီးမှ လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားသည်။

နတ်ပွဲ(ခေါ်)နတ်ဈေးနေ့တွင် ဒေသနေတိုင်းရင်းသားပြည်သူများက အမှတ်(၃)ရပ်ကွက် မြို့နယ်နတ်နန်းရှိ မြို့စောင့်နတ်အား ဒေသရိုးရာဓလေ့ထုံးတမ်းနှင့်အညီ သွားရောက်ပူဇော်ပသကြခြင်း၊ ဌာနေရှမ်းအဆိုတော်များက "ကမ်ခပ်"သီချင်းဖြင့် သီဆိုဖျော်ဖြေပေးခြင်း၊ နတ်ဆင်းပြီး ဆန်ရေစပါး ပေါများကြွယ်ဝရေးအတွက် စောင့်ရှောက်ကူညီမှုများနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်များ ပြောပြပေးခြင်းကို ရိုးရာအစဉ်အလာမပျက် ကျင်းပခဲ့သည်။

**နန်းပန်(ပြန်/ဆက်)**






## တီးတိန် ရှောင်စောန်းစံပြကျေးရွာ၌ ရိုးရာခွါဒိုပွဲတော် ကျင်းပ

**တီးတိန် အောက်တိုဘာ ၂၈**

ချင်းပြည်နယ် တီးတိန်မြို့နယ် ရှောင်စောန်းစံပြကျေးရွာ၌ ရိုးရာခွါဒိုပွဲတော်ကို ယမန်နေ့က ပါရှန်းဝတ်ပြုကျောင်း ရှောင်စောန်းစံပြကျေးရွာ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက ရိုးရာခွါဒိုပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ရိုးရာအကများနှင့် ရိုးရာဝတ်စားဆင်ယင်မှုများပြသခြင်း စုပေါင်းအကများဖြင့် ပျော်ရွှင်စွာ ခွါဒိုပွဲတော် ကျင်းပခဲ့ကြသည်။ ခွါဒိုပွဲတော်သည် ချင်းတိုင်းရင်းသားမျိုးနွယ်စုတစ်ခုဖြစ်သော ဇိုမီးလူမျိုးနွယ်စုတို့၏ အမွန်မြတ်ဆုံးနှင့် အရေးကြီးဆုံး ပွဲတော်များအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပခုက္ကူမြို့ အဝေးပြေးကားကြီးကွင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး

**ပခုက္ကူ အောက်တိုဘာ ၂၈**

ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက် အဝေးပြေးကားကြီးကွင်း၌ ယနေ့နံနက်ပိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပြီး မော်တော်ယာဉ်လိုင်းများကို သတ်မှတ်ချက်နှင့်အညီ ပြေးဆွဲနေမှု ရှိ၊ မရှိ စစ်ဆေးသည်။

ဦးစွာ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဦးက ၂၀၂၂ ခုနှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများ၊ နှစ်အလိုက် ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများအကြောင်း၊ အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပခုက္ကူခရိုင်)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်မျိုးလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေများ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် စက်ဘီးစီးနင်းသူများ လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။



ဆက်လက်၍ တာဝန်ရှိသူများက အဝေးပြေးထွက်ခွာမည့် မော်တော်ယာဉ်လိုင်းများအလိုက် သက်တမ်းကျန်ရှိမှု ရှိ/မရှိ၊ ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ကောင်းမွန်မှုရှိ/မရှိ၊ အရေးပေါ်မီးငြိမ်းသတ်ပစ္စည်းနှင့် မီးသတ်ဆေးဘူးများ ကောင်းမွန်မှုရှိ/မရှိ၊ မူးယစ်ဆေးဝါး သုံးစွဲထားမှုရှိ/မရှိ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

## မိသားစုဝင်ငွေတိုးစီမံကိန်းနှစ်ခုမှ ထူးချွန်သင်တန်းသားများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်း ပေးအပ်

**ကလေး အောက်တိုဘာ ၂၈**

ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသော စက်ချုပ်နည်းပညာသင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းမှ ထူးချွန်ဆုရရှိသည့် သင်တန်းသားများကို လုပ်ငန်းထူထောင်နိုင်ရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထက်နှင့် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူးက ဌာနမှ စီမံကိန်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသူများထံသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သည်။

အဆိုပါပေးအပ်ပွဲတွင် စက်ချုပ်နည်းပညာသင်တန်းမှ ထူးချွန်ဆုရရှိသူ ငါးဦးကို တစ်ဦးလျှင် ငွေကျပ် သိန်း၂၀ နှင့် ညီမျှသည့် စက်ချုပ်ဆိုင်ရာ ပစ္စည်းခြောက်မျိုးစီနှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းမှ ထူးချွန်ဆုရရှိသူ ငါးဦးကို တစ်ဦးလျှင် ငွေကျပ်သိန်း၂၀ နှင့်ညီမျှသည့် လူသုံးကုန်ဆိုင်ရာပစ္စည်း ကိုးမျိုးစီ ပေးအပ်ခဲ့သည်။ **ချိုးချိုး-ကလေး**

## မြောင်းမြမြို့နယ် သရက်တောကျေးရွာ၌ အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**မြောင်းမြ အောက်တိုဘာ ၂၈**

မြောင်းမြမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးသက်ပိုင်ဦးနှင့် ဝန်ထမ်းများက သရက်တောကျေးရွာ၌ အယ်လ်နီညိုကျရောက်ပါက သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေလှောင်ကန်များအတွင်း ရေစုဆောင်းထားရှိမှု အခြေအနေများ၊ ဌာနမှ ဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှု အခြေအနေများကို ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဦးစီးအရာရှိ(နည်းပညာ) ဦးသက်ပိုင်ဦးက ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသခံပြည်သူများ ရေရှားပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းသုံးစွဲရန် ဆွေးနွေးပြောကြားပြီး ပြည်သူများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နီလာ**



နေပြည်တော် တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက်၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်နှင့် တပ်ဖွဲ့ဝင်များက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်၍ မီးဘေးကြိုတင်ကာကွယ်ရေးလိုက်လံစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို အောက်တိုဘာ ၂၇ ရက်က ဆောင်ရွက်စဉ်။

တင်စိုးလွင်(ပြန်/ဆက်)



ဓနုဖြူမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကာလအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အောက်တိုဘာ ၂၃ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနောင်နောင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပြီး မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြသစဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## မြစ်သားမြို့နယ်၌ စပါး၊ ကြက်သွန်နီသီးနှံစိုက် သမဝါယမအသင်းသားတောင်သူများထံ သွင်းအားစုပေးအပ်

**မြစ်သား အောက်တိုဘာ ၂၈**

မြစ်သားမြို့နယ် သမဝါယမဦးစီးဌာနက လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ (သက်တန့်ရောင်စီမံကိန်း)မှ စပါးနှင့်ကြက်သွန်နီသီးနှံစိုက် သမဝါယမအသင်းသားတောင်သူများထံ သွင်းအားစုပေးအပ်ပွဲကို အောက်တိုဘာ ၂၇ ရက်က မြိုင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက မျိုး၊ မြေ၊ ရေ၊ နည်းပညာများ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ (သက်တန့်ရောင် စီမံကိန်း)မှ သွင်းအားစုပေးအပ်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေ (သက်တန့်ရောင်စီမံကိန်း)မှ စပါး၊ ကြက်သွန်နီသီးနှံစိုက်ပျိုးသော သမဝါယမအသင်းသားတောင်သူ ၈၀ တို့အတွက် ငွေကျပ် ၁၉ ဒသမ ၆၃၅ သန်းနှင့်ညီမျှသော သွင်းအားစုများကို ပေးအပ်ခဲ့သည်။ **ဝါဝါမြင့်(မြစ်သား)**



# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



**နေပြည်တော် အောက်တိုဘာ ၂၈**

သမိုင်းစဉ်ကာလ တစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်း မြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့ကြသည့်သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များအား မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသားကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသားကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

**ကျောင်းသူ**

တပ်မတော် စစ်သမိုင်းပြတိုက်မှာဆိုလို့ရှိရင် မြန်မာနိုင်ငံရဲ့ အဖိုးတန်အမွေအနှစ်တွေ၊ သူ့ရဲကောင်းတွေ၊ သူတို့ရဲ့ ရုပ်တုပုံတွေနောက်ပြီး ပထမဆုံး သမ္မတစီးခဲ့တဲ့ကားလိုမျိုးနဲ့ ကြည်း၊ ရေ၊ လေ ပြကွက်တွေကို လေ့လာခဲ့ရပါတယ်။ ကြည်းမှာဆိုလို့ရှိရင် တင့်ကားတွေ၊ အမြောက်တွေ၊



ကျောင်းသူ



ဆရာမ

ဒီလိုအကြောင်းအရာတွေ ကြည့်ခဲ့ရတယ်။ နောက်ပြီး ရေမှာဆိုရင် သင်္ဘောကြီးတွေ ပထမဆုံး စစ်သင်္ဘောပေါ့၊ အဲလိုအကြောင်းအရာတွေ ကြည့်ခဲ့ရတယ်။ နောက်ပြီး လေမှာဆိုလို့ရှိရင် စစ်လေယာဉ်တွေ အမျိုးအစားအများကြီးပေါ့၊ အဲဒါတွေကို လိုက်လံပြီး သေချာလေ့လာခဲ့ပါတယ်။ အခုလို အဖိုးတန်အမွေအနှစ်တွေကို စစ်သမိုင်းပြတိုက်မှာ လာရောက်ပြီးတော့ လေ့လာခွင့်ရတဲ့အတွက် အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ ဒီလိုမျိုး လေ့လာခွင့်ရတဲ့အတွက် မျိုးချစ်စိတ်တွေလည်း ပိုပြီးတော့ ထက်သန်မိတယ်လို့ ခံစားရပါတယ်။ ဒါကြောင့်မို့လို့ အခုလိုမျိုး လာရောက်ဖို့အတွက် ထောက်ပံ့ပေးခဲ့တဲ့ တပ်မတော်အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဆရာမ**

ကျွန်မ ဒီလိုလေ့လာခွင့်ရတော့ ခုနကတောင် တာဝန်ရှိသူတွေကို ဒီလိုလေး ပြောဖြစ်ခဲ့တယ်။ နှစ်တိုင်းများ ဒီလိုလေ့လာခွင့်ပေးရင် သိပ်ကောင်းမှာပဲလို့။ ဘာလို့လဲဆိုတော့ ကလေးတွေအတွက် အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်စေတယ်။ နောက်ပြီးတော့ လွတ်လပ်ရေးအတွက် လှုပ်ရှားခဲ့ကြတဲ့ တပ်မတော်ရဲ့ သမိုင်းကြောင်း၊ နောက်ပြီးတော့ အမျိုးသားရေး လှုပ်ရှားမှုတွေ သိခွင့်ရတာ ဂုဏ်ယူဖွယ်ရာပေါ့။ အဲဒါလေးတွေကို ကလေးတွေ ထဲထဲဝင်ဝင် သိရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ကြည်းမှာလည်း ပြခန်းကြီး ခြောက်ခု၊ ရေတပ်မှာက ပြခန်းသုံးခု၊ နောက်တစ်ခါ လေတပ်မှာက သုံးခု ကလေးတွေ စိတ်ပါဝင်စားစွာနဲ့ ကြည့်ရှုတာကိုလည်း တွေ့ရပါတယ်။ အခုလိုမျိုး ကလေးတွေကို ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ ပတ်သက်တဲ့ ဂုဏ်ယူဖွယ်ရာတွေ၊ ရင်နင့်ဖွယ်ရာတွေပေါ့။ အားလုံးကို ကြည့်ရှုခွင့်ရတဲ့အတွက် တကယ်ကို ဝမ်းသာကျေးဇူးတင်မိပါတယ်။

**သတင်းစဉ်**

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၂၈**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှော နိမ့်ကျမှုအား ပြန်လည် ပြုပြင်ခြင်းများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံ ရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၂၈ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၇ ဒသမ ၄၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၇ ဒသမ ၆၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် တမံဆင်ခြေလျှော နိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များကို နယ်မြေခံ တပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁) ၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂) ၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃) ၁၀၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁) ၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂) ၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃) ၁၀၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်
(စ) အထူးဆု(၁) ၂၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂) ၂၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃) ၂၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## မွန်ပြည်နယ်၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၂၈**

မွန်ပြည်နယ် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က အမှာစကားပြောကြားပြီး ပြည်နယ်မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာကျော်စွာဝင်းက မျက်စိကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေး ပြောကြားကာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ ဌာနတာဝန်ခံများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကု ဆရာဝန်ကြီးများနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သူနာပြုသင်တန်းသား သင်တန်းသူများနှင့် ကျန်းမာရေးမှူး(၄) သင်တန်းသား သင်တန်းသူများ၊ မျက်စိဝေဒနာရှင်များ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြသည်။ **စည်သူ(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မျက်စိဝေဒနာရှင်များအား မျက်စိစမ်းသပ်စစ်ဆေးပေးနေမှုများနှင့် လိုအပ်သူများအား မျက်မှန်တပ်ဆင်ပေးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**



## တမူးမြို့ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံတက်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့

**တမူး အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံတက်ရောက်ကုသနေသော ပြည်သူများအား အစားအသောက်ပစ္စည်းများ ကူညီထောက်ပံ့ခြင်းကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ရာ တမူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် မြို့နယ်အဆင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးမှူးများ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ဆေးရုံတက်ရောက်ကုသနေသော ဒေသခံပြည်သူ စုစုပေါင်း ၁၇ ဦးတို့အား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရတနာ(တမူး)**

## ကန့်ဘလူမြို့နယ်၌ ရေကြီးနစ်မြုပ်သည့်ငါးမွေးကန်များအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

**စစ်ကိုင်း အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် ငါးမွေးကန်များတွင် ငါးသားပေါက်များ ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် ငါးမွေးတောင်သူများအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။



အဆိုပါ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်း တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးတို့က ရွှေဘိုငါးလုပ်ငန်းစခန်း၊ မုံရွာဂေါက်ကလပ် တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်း (ယာယီ)တွင် သားဖောက်ထုတ်လုပ်ထားသော ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၄၈၀၀၀ အား ကန့်ဘလူမြို့နယ်ရှိ ငါးမွေးမြူသူ ၁၈ ဦး၊ ငါးကန်ဧရိယာ ၉၇ ဒသမ ၃၄ ဧကအတွက် ငါးမွေးတောင်သူများကိုယ်စား ကန့်ဘလူမြို့နယ် ငါးလုပ်ငန်းဦးစီးမှူးထံ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ကလေးမြို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေး လှည့်လည်ဆော်ဩ

**ကလေး အောက်တိုဘာ ၂၈**

